ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (9-9-2014) (၇၉၅၈)

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သော ကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏။ အလွန်ပင် ဝမ်းမြောက်ရပေ၏။

(ဓမ္မပဒ-၁၆)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံရှိ Maeslandtkering ရေထိန်းတံခါးကို ကြည့်ရှုလေ့လာ

**သည်ဟေ့ဂ် စက်တင်ဘာ ၈**

နယ်သာလန်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာခဲ့ကြပြီး Maeslandtkering ရေထိန်းတံခါးသို့ရောက်ရှိကြရာ နယ်သာလန်နိုင်ငံ အခြေခံအဆောက်အအုံနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီး Ms. Schultz Van Haegen နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ရှင်းလင်းခန်းမတွင် ရေထိန်းတံခါးတည်ဆောက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရေထိန်းတံခါးတည်ဆောက်ထားရှိမှု အခြေအနေအား လိုက်လံကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Marco Polo သင်္ဘောပေါ်မှ Rotterdam ဆိပ်ကမ်းအနီးရှိ ၁၀၀၀ မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးစက်ရုံကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံရှိ Maeslandtkering ရေထိန်းတံခါးကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)



နယ်သာလန်နိုင်ငံရှိ Maeslandtkering ရေထိန်းတံခါး။



ကြေးမုံစာတည်းရှုထောင့် ၉-၉-၂၀၁၄ [အင်္ဂါနေ့]

# ခရမ်းလွန်အန္တရာယ်ကို ကာကွယ်နိုင်သည်

ပူပြင်းသော နွေရက်ရှည်များကို ဖြတ်သန်းလာခဲ့ရပြီး ယခုအခါ မိုးကာလမို့ မိုးစက်မိုးပေါက်များအောက်တွင် အေးမြမှုကို ခံစားလာနေရပြီ။ နွေကာလတစ်လျှောက် ခံစားလာခဲ့ရသည့် ခရမ်းလွန်ရောင်ခြည်မှလည်း လွတ်ပြီ ကျွတ်ပြီဟု သာမန်အားဖြင့် တွေးယူနိုင်သည်။ ယင်းအသိများကို သတင်းတစ်ပုဒ်က ထောက်ပြနေသည်။

မိုးရာသီရောက်ရှိနေသော်လည်း ရန်ကုန်မြို့အပါအဝင် မြို့ကြီးကိုးမြို့တွင် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းထက် ကျော်လွန်နေကြောင်း မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုစောင့်ကြည့်ရေးအဖွဲ့က အခိုင်အမာဆိုလာသည်။ သာမန်အားဖြင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအဆင့်သည် (၁၁)အထိရှိပြီး ထို့ထက်ကျော်လွန်ပါက အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းထက် ကျော်လွန်နေဆဲမြို့များမှာ တောင်ကြီး၊ ထားဝယ်၊ ရန်ကုန်၊ မော်လမြိုင်၊ မုံရွာ၊ နေပြည်တော်၊ မန္တလေး၊ ကော့သောင်းဟူ၍ ဆိုထားသည်။ အားလုံးနီးပါး အီကွေတာရပ်ဝန်းအတွင်းမှာရှိနေသည်။ မိုးများရပ်ဝန်းများ၊ မိုးနည်းဒေသများစုံသည်။ လွန်ကဲခရမ်းလွန်ရောင်ခြည်နှင့်ထိလျှင် နေမကောင်းဖြစ်မည်။ မျက်စိနာမည်။ အထူးသဖြင့် အရေပြားကင်ဆာဖြစ်နိုင်သည်။ အသားဖြူသူများ ပိုဖြစ်နိုင်ခြေများကြောင်း သိရသည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းလွန် ကိုးမြို့နယ်နှင့်ပတ်သက်၍ ဖြေသိမ့်စရာတစ်ချက်မှာ "မိမိတို့နိုင်ငံတွင် ခရမ်းလွန်ရောင်ခြည်တိုင်းတာသည့်စက် မရှိသေးကြောင်း၊ ဝက်ဘ်ဆိုက်များက တစ်ခုနှင့်တစ်ခု အညွှန်းကိန်းကွာခြားမှုရှိနေတတ်ကြောင်း" မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

မည်သို့ဆိုစေ ကမ္ဘာနှင့်တစ်ဝန်းသက်ရောက်နေသည့် ခရမ်းလွန်ရောင်ခြည်၏ဒဏ်ကို မိမိတို့နိုင်ငံသည်လည်း အနည်းနှင့်အများ ခံနေကြရမည်မှာ ကိန်းဂဏန်းအတိအကျမဟုတ်နိုင်သည့်တိုင် ငြင်းမရနိုင်သည့်အချက်ဖြစ်ပါသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည်ဒဏ်ခံနေကြရသူများမှာ မြေပြင်ပေါ်နေသူများထက် ဝေဟင်ပေါ်ရောက်နေသူများက ပိုခံနေရကြောင်း သိရသည်။

အထူးသဖြင့် အမြင့်မီတာ ၉၀၀၀ အထက်တွင် နေ့၊ ည မရွေး ပျံသန်းနေကြသော လေယာဉ်များ။ ထိုလေယာဉ်များကို အိမ်ပမာ သဘောထားနေကြရသော လေယာဉ်ဝန်ထမ်းများ။ ကမ္ဘာ့လေထုအမြင့်ပိုင်းတွင် ခရမ်းလွန်ရောင်ခြည်များ ပိုထိတွေ့နေရရာ အကျိုးဆက်အဖြစ် ပုံမှန်လူများထက် အရေပြားကင်ဆာဖြစ်နိုင်ခြေ နှစ်ဆပိုများနေကြောင်း၊ လေယာဉ်ပြတင်းမှန်များကို ဖြတ်၍ဝင်လာသော ခရမ်းလွန်ရောင်ခြည်လှိုင်းများနှင့် အမြဲလိုလိုထိတွေ့နေရမှုက အရေပြားကင်ဆာပိုဖြစ်စေသည့်အချက်ဖြစ်ကြောင်း အမေရိကန်ပညာရှင်များ၏ စစ်တမ်းကို American Medical Association Dermatology ဂျာနယ်တွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် လေယာဉ်သည် တိမ်တိုက်များအပေါ် ဖြတ်သန်းပျံသန်းသည့်အခါ ခရမ်းလွန်ရောင်ခြည်ဒဏ် ပိုပြင်းထန်သည်ဟု ဆိုသည်။ အပြင်က တိုက်ရိုက်လာသော ခရမ်းလွန်ရောင်ခြည်အပြင် တိမ်တိုက်က ၈၅ ရာခိုင်နှုန်းနီးပါး ပြန်ကန်ထုတ်လိုက်သော ခရမ်းလွန်ရောင်ခြည်က လေယာဉ်အပေါ် သက်ရောက်မှုရှိလာ၍ ဖြစ်သည်။

နိစ္စဓူဝ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားနေသောလူသားများအားလုံးကို ဒုက္ခပေးနေသော ခရမ်းလွန်ရောင်ခြည်သည် မည်သည့်အရပ်က လာသနည်း။ ကမ္ဘာ့အိုဇုန်းလွှာအပေါက်မှတစ်ဆင့် တိုက်ရိုက်ဝင်လာခြင်း၊ အိုဇုန်းလွှာအဘယ်ကြောင့် ပေါက်ရသနည်းဆိုရလျှင် "မုန့်လုံးစက္ကူကပ်" ဆိုသလို ကမ္ဘာမြေက လုပ်ဆောင်မှုများကြောင့် ကမ္ဘာမြေသို့ ပြန်ရောက်လာခြင်းဖြစ်သည်။

မိမိတို့ ဤရောင်ခြည်ဒဏ်မှ ကာကွယ်နိုင်ရန်မှာ မိမိတို့ဝန်းကျင်တွင် "သဘာဝထီး"များများ ထားရှိနိုင်ကြရမည်။ ယခုလို မိုးရာသီမှာ "သဘာဝထီး" များများ ပွားစည်းထားကြရမည်။ မုတ်သုံမိုးကို လှိုင်လှိုင်ရထားသော မိမိတို့နိုင်ငံသားများအားလုံး ဤထီးများကို မိမိတို့အနီးဝန်းကျင်မှာ ထို့ထက် မိမိတို့နှင့်ဆက်နွှယ်ရာ လမ်း၊ ရပ်ကွက်၊ ကျောင်း၊ မြို့ရွာ အနှံ့မှာ စိုက်ထူပေးရင်း ကုသိုလ်ယူနိုင်ပါသည်။ ကုသိုလ်လည်းယူနေကြပါသည်။ နိုင်ငံတော်မှအစ သာမန်နိုင်ငံသားများအထိ ဤထီးများ စိုက်ထူပွားစည်းလာအောင် ဆောင်ရွက်နေကြသည်။ သဘာဝဒဏ်ကို သဘာဝအကာအရံနှင့် ပြန်လည်တားဆီးခြင်းသည် သဘာဝလည်းကျပါသည်။

ကမ္ဘာ့အိုဇုန်းလွှာကို မိမိတို့ ပိတ်ဆို့နိုင်မှုမစွမ်းနိုင်ပါ။ ထိုမှ ဝင်လာသည့် ခရမ်းလွန်ရောင်ခြည်ကိုလည်း တားဆီးနိုင်ဖို့ မစွမ်းနိုင်ပါ။ သို့သော် မိမိတို့ထံ ရောက်မလာဖို့ ကာကွယ်နိုင်ပါသည်။ "သဘာဝထီး"ဟု တင်စားသည့် "သစ်ပင်များများစိုက်ပျိုးမှု"ဖြင့် ကာကွယ်ပေးနိုင်ပါကြောင်း။ ။

## အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်စည်းဝေးများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ် အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေး ကော်မတီ၏ (၃/၂၀၁၄)အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မက်စ်ဟိုတယ်(Hotel Max)၌ တစ်ပြိုင်တည်း ကျင်းပခဲ့ကြသည်။ **(အောက်ပုံ)**


အစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်းထူထောင်မှုအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရုပ်ပိုင်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပေါင်းစပ်ဆက်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ဆက်သွယ်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ်အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ၏ အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လည်းကောင်း၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ၏ (၃/၂၀၁၄)အစည်းအဝေး သဘာပတိအဖြစ် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးသိန်းလွင်က လည်းကောင်း ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများနှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီတို့၏ ပူးတွဲညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးများကို စက်တင်ဘာ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၃၀၀၀ | - | ၆၆၄၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၂၆၀၀ | - | ၆၆၃၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**


| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၅၆. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၇. ၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၃၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၀၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၂၂. ၇၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄. ၆၆၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၄၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၃. ၅၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ATTOLLO Travel & Tours
အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
ချင်းမိုင်-ချင်းရိုင်-ရွှေတြိဂံ-မယ်ဆိုင်
(၃ညအိပ်၄ရက်ခရီးစဉ်) Sept - 25
ခရီးစဉ်စုံစမ်းရန် ၀၁-၃၈၉၁၈၇၊ ၀၉-၃၂၁၀၉၁၃၈

ဦးအောင်ဟန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
■ 392468 095171841
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်





# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံသို့ ရောက်ရှိ

**သည်ဟေ့ဂ် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ Royal Dutch လေကြောင်းလိုင်းဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နယ်သာလန်နိုင်ငံ သံတမန်ရေးရာ ဦးစီးဌာနအကြီးအကဲ Mr. BAN EES၊ ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Joan BOER နှင့် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်အိုရှင်းနီးယားရေးရာဦးစီးဌာန အကြီးအကဲ Mr. POTMAN၊ နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် သံရုံးမိသားစုများက အမ်စတာဒမ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် သည်ဟေ့ဂ်မြို့ရှိ Bel Air Hotel သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင်ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ကိုရီးယားအလုပ်သမားပါတီ ပထမအတွင်းရေးမှူး၊ အမျိုးသားကာကွယ်ရေး ကော်မရှင် ပထမဥက္ကဋ္ဌနှင့် ကိုရီးယားပြည်သူ့တပ်မတော် သေနာပတိချုပ် မစ္စတာ ကင်ဂျုံအွန်း၊ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ်နှင့် ဝန်ကြီးချုပ် မစ္စတာ ပတ်ပုံဂျူ တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာရိဆုယုံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများ ဆွစ်ဇာလန်နိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုလေ့လာ

**ဘန်း စက်တင်ဘာ ၈**

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ဥရောပသုံးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့သည် စက်တင်ဘာ ၅ ရက်က ဆွစ်ဇာလန်နိုင်ငံရှိ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၁၅၀ တွင်ရှိသော Vleux Emosson ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

STUCKY ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Dr. Stefan Muetzenberg နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဒါရိုက်တာ Mr. Antoine Dubas တို့က Vleux Emosson ရေအားလျှပ်စစ်စီမံကိန်း၏ အဆင့်မြင့်နည်းပညာအသုံးပြုမှုများကို ရှင်းလင်းပြသကြသည်။ STUCKY ကုမ္ပဏီမှ အင်ဂျင်နီယာများကလည်း ဝေးလံခေါင်ဖျားသောဒေသတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်ရေးအတွက် ရာသီဥတုကြမ်းတမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာလှုပ်ရှားသူများနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားကြသည်။

Mr. Antoine Dubas က မိမိတို့ ပထမဆုံး တည်ဆောက်ခဲ့သည့် ရေလှောင်တမံများမှာ လွန်ခဲ့သည့်နှစ်တစ်ရာခန့်က တည်ဆောက်ခဲ့သည့် ရေလှောင်တမံများဖြစ်ပြီး ယနေ့တိုင် လည်ပတ်အသုံးပြုနေဆဲဖြစ်ကြောင်းနှင့် ယခုစီမံကိန်းမှာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလှောင်ပမာဏ ပိုမိုထိန်းသိမ်းသိုလှောင်နိုင်ရေးအတွက် အဓိက ဦးစားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးနှင့်ပတ်သက်သည့် အင်ဂျင်နီယာပညာရပ်အတွေ့အကြုံကာလကြာရှည်နေပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများကလည်း မကြာမီကာလအတွင်း ဆွစ်အင်ဂျင်နီယာပညာရှင်အဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ မြန်မာအင်ဂျင်နီယာများအတွက် အတွေ့အကြုံ၊ နည်းပညာများ လက်ဆင့်ကမ်းပေးနိုင်ရန် လိုလားပါကြောင်းပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင် ယခုလောလောဆယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၅၇၉ ခု ရှိပြီး ပြည်ထောင်စုဝန်ကြီးများသည် အခြားသောရေအားလျှပ်စစ်စီမံကိန်းများကို ရဟတ်ယာဉ်ပေါ်မှ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**(ကြေးမုံ)**

ဒီသီတင်းကျွတ်အားလပ်ရက်လေးမှာလဲ ... တိုး ဒီ နဲ့ GO ပြီ www.facebook.com/TourDeMyanmar

Costa သင်္ဘောခရီးစဉ်
December 17~22 (5D/6N)
စင်ကာပူ – လန်ကာဝီ – ဖူးခက်
Only $-1100
Maldives ခရီးစဉ်ကိုလည်း စီစဉ်ပေးနေပါပြီ...

မကာအို – ဟောင်ကောင် (8D/7N) Oct. 4~11 USD-1550
ကူမင်း – လေကျင်း – ရှန်ဟိုင်း (8D/7N) Oct. 4~11 USD-1800
စင်ကာပူ (4D/3N) Oct. 5~8 USD-695
ကမ္ဘောဒီးယား (5D/4N) Oct. 4~8 USD-850
ဗီယက်နမ် (5D/4N) Oct. 4~8 USD-1050
ဘာလီ (5D/4N) Oct. 5~9 USD-1150
ဗန်ကောက် – ပတ္တရား – အယုဒ္ဓယ Oct. 6~11 USD-620 (6D/5N)
ကိုရီးယား (8D/7N) Oct. 4~11 Oct. 11~18 USD-1950
ဂျပန် (7D/6N) Oct. 5~11 USD-2750

ဗုဒ္ဓဂယာ (ခေါင်းကြီး ၂ ဆောင်း)
(ဖွားဖွင့်၊ ဟော၊ စံ၊ ရာဇဂြိုဟ်၊ နာလန္ဒာ၊ ဝေသာလီ)
အောက်တိုဘာ ၂၂-၂၉ နိုဝင်ဘာ ၁၉-၂၆ ဒီဇင်ဘာ ၁၄-၂၁

အမှတ်(၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ ဖက်(စ်) ၀၁- ၂၀၀၇၁၄၊ ၁၇၈၁ ၂၇၊ ၁၇၈၈၀၁ E-mail : outbound@tourdemyanmar.com

BEAUTIFUL MEMORIES TRAVELS & TOURS
ဗုဒ္ဓဂယာ ခရီးစဉ် - Nov 2 - 12 ( 10ည / 11 ရက်), Dec 5 - 12 ( 7ည / 8 ရက် )
ဂျပန် ခရီးစဉ် - Dec 10 - 17 ( 7ည / 8 ရက်)
စင်္ကာပူ ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်)
- Dec 26 - 30 ( 4ည / 5 ရက်)
ဘန်ကောက် ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်)
- Dec 24 - 28 ( 4ည / 5 ရက်)
ဗီယက်နမ် ခရီးစဉ် - Oct 5 - 8 ( 3ည / 4 ရက်)
- Dec 24 - 27 ( 3ည / 4 ရက်)
ဘာလီ ခရီးစဉ် - Oct 4 - 8 ( 4ည / 5 ရက်), Dec 24 - 28 ( 4ည / 5 ရက်)
စင်္ကာပူ-မလေးရှား ခရီးစဉ်- Oct 4 - 11 ( 7ည / 8 ရက်), Dec 24 - 31 ( 7ည / 8 ရက်)
SEPTEMBER 15 ရက်မတိုင်မီ စာရင်းသွင်းခြင်းဖြင့် အဆင့်မြင့်၍ ဈေးနှုန်းချိုသာသောခရီးစဉ်များကိုလိုက်ပါရင်း အမှတ်တရလက်ဆောင်များ ရယူနိုင်ပါပြီ။
အမှတ် (၁၀)၊မြေညီထပ်၊၁၃၂လမ်း၊တာမွေမြို့။ ဖုန်း- ၀၉ ၅၀၇ ၉၉ ၃၃ ၊ ၀၉ ၅၁၇ ၉၉ ၃၃ ၊ ၀၉ ၇၃၁၁ ၉၉ ၃၃

ဆောင်းဦးရွက်ကြွေ ကိုရီးယားမြေ ၁၈.၅ သိန်း 8D/7N
ဆိုးလ် – ဂျဲဂျူးကျွန်း – နာမီကျွန်း – ဂန်ဝန်ဒို – Mt.Seorak - Everland
သီတင်းကျွတ်အားလပ်ရက် 4 Oct 2014 - 11 Oct 2014 (၈ရက်/၇ည)
တိုက်ရိုက် Asiana Airline / ဂျဲဂျူးကျွန်းအသွားအပြန်လေယာဉ်ဖြင့် နေရာစုံ ပြီးပြည့်စုံသော
အကောင်းဆုံး ဝန်ဆောင်မှုများနှင့် မြန်မာမြတ်စွယ်ရီ Travels & Tours
အမှတ် ၁၂၂၊ ၁၂၄၊ ကျိုက္ကဆံလမ်း နှင့် လမ်း(၁၅၀)ထောင့်၊ တာမွေမြို့နယ်။
01-551240, 09-73160843, 09-5003647

# ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဂျပန်ဝန်ကြီးချုပ်တစ်ဦး သီရိလင်္ကာသို့ ရောက်ရှိ

**ကိုလံဘို စက်တင်ဘာ ၈**

တောင်အာရှဒေသအတွင်း ချစ်ကြည်ရေးခရီး လှည့်လည်နေသော ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး သည် ယင်းဒေသအတွင်း ဒုတိယခရီးတစ်ထောက်နိုင်ငံ အဖြစ် စက်တင်ဘာ ၇ ရက်တွင် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိလာသည်။ ဂျပန်ဝန်ကြီးချုပ်တစ်ဦး သီရိလင်္ကာ နိုင်ငံသို့ လာရောက်ခြင်းမှာ ၂၄ နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းတောင်အာရှဒေသအတွင်း ၌ တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကို ချေဖျက်ကာ ဂျပန် နိုင်ငံ၏အကျိုးစီးပွားများကို သယ်ပိုးနိုင်ရန် ရည်ရွယ်သည့် ခရီးစဉ်အဖြစ် ရှုမြင်ရကြောင်း သတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာသမ္မတ မဟိန္ဒြာရာဂျာပတ်ဆေးသည် ကိုလံဘိုမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝန်ကြီးချုပ် အာဘေးအား ဆီးကြိုနှုတ်ဆက်ခဲ့သည်။ ယင်းလေဆိပ်၌ ခရီးသည်များ နားနေဆောင်အသစ် တည်ဆောက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၃၃၀ (ပေါင် ငွေ ၂၀၂ ဒသမ ဝ၉ သန်း)ကို ဂျပန်နိုင်ငံက ချေးငွေထုတ်ပေးမည်ဖြစ်သည်။

ဂျပန်နှင့် သီရိလင်္ကာ နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အသစ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်ကို ဝယ်ယူတင်သွင်းရာတွင် ပင်လယ်ရေကြောင်းလမ်းများ ပွင့်နေစေရေးအတွက် သီရိလင်္ကာနိုင်ငံနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်ရန် မျှော်မှန်းသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှု ကောင်းမွန်နေသော မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ သမ္မတ ရာဂျာပတ်ဆေးနှင့် ဆွေးနွေးခဲ့ကြောင်း အာဘေးက ပြောကြားသည်။

**ရိုက်တာ။**



ကြိုဆိုပွဲအခမ်းအနားတွင် ဂျပန်ဝန်ကြီးချုပ်အာဘေးအား သီရိလင်္ကာသမ္မတ ရာဂျာပတ်ဆေးနှင့်အတူ တွေ့မြင်ရစဉ်။



စစ်သွေးကြွတို့လက်အောက် မကျရောက်ရေးအတွက် အီရတ်တပ်ဖွဲ့များက ကာကွယ်စောင့်ရှောက်ထားသော ဟာဒီသာဆည်ကို တွေ့ရစဉ်။

# အိုင်အက်စ်အဖွဲ့ကို ထိုးစစ်ဆင် တိုက်ခိုက်နိုင်ရေး အမေရိကန်သမ္မတ မဟာဗျူဟာအစီအစဉ် ရေးဆွဲထား

**ဝါရှင်တန် စက်တင်ဘာ ၈**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်မည့် အမေရိကန်အစိုးရအဖွဲ့၏ အစီအစဉ်နှင့်ပတ်သက်၍ သမ္မတ ဘားရက်အိုဘားမားက ယခုရက်သတ္တပတ်အတွင်း ပြည်သူများအား ရှင်းလင်းတင်ပြမည်ဖြစ်ပြီး အမတ်များနှင့်လည်း ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း အမေရိကန် သတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်အက်စ် စစ်သွေးကြွအဖွဲ့၏ခြေလှမ်းများ ရပ်တန့်သွားစေရန် ရည်ရွယ်သည့် မိမိ၏ မဟာဗျူဟာအစီအစဉ်နှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်ခေါင်းဆောင်များနှင့် စက်တင်ဘာ ၉ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

**ကြိုးပမ်းဖွယ်**

အိုင်အက်စ် စစ်သွေးကြွအဖွဲ့ကို ချေမှုန်းနိုင်ရေးအတွက် နောက်ထပ်ရန်ပုံငွေရရှိရန် မိမိကြိုးပမ်းရဖွယ်ရှိကြောင်း အိုဘားမားက ပြောကြားသည်။ အမေရိကန်ပြည်သူများအား ကာကွယ်စောင့်ရှောက်နိုင်ရန် မိမိတွင် အခွင့်အာဏာရှိကြောင်း၊ မိမိ၏ အစီအစဉ်နှင့် ပတ်သက်၍ ကွန်ဂရက်လွှတ်တော်က လက်ခံမည်ဟု ယူဆကြောင်း ၎င်းက ပြောကြားသည်။

အိုင်အက်စ်အဖွဲ့၏ ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရန် မိမိတို့ပြင်ဆင်ထားကြောင်း၊ ယင်းစစ်သွေးကြွအဖွဲ့ ပြိုကွဲသွားစေရန် ထိုးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း အိုဘားမားက အမေရိကန် အင်န်ဘီစီရုပ်မြင်သံကြားဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

**ရိုက်တာ။**



# လျှို့ဝှက်ခိုင်းကြေးပေးရသောအစီအစဉ်တွင် ဘရာဇီးနိုင်ငံရေးသမား ၄၀ ကျော် ပါဝင်

**ဆာပေါ်လို စက်တင်ဘာ ၈**

ဘရာဇီးအစိုးရပိုင် ရေနံကုမ္ပဏီ "ပီထရိုဘရာ"၏ ညွှန်ကြားရေးမှူးဟောင်းက လွန်ခဲ့သည့် ၁၀ နှစ်ကာလ အတွင်း လျှို့ဝှက်ခိုင်းကြေးပေးရသော အစီအစဉ်တွင် နိုင်ငံရေးသမား ၄၀ ကျော် ပါဝင်ခဲ့ကြောင်း စွပ်စွဲလိုက်သည်ဟု ဘီဘီစီသတင်းတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ထောင်တွင်းအကျဉ်းချခံနေရပြီး ဖော်ပြပါအစီအစဉ်တွင် ပါဝင်သည့်အတွက် စုံစမ်းစစ်ဆေးခြင်းခံရလျက်ရှိသော ပေါ်လိုရိုဘာတိုကော့(စ်)တာက ဝန်ကြီးတစ်ဦး၊ မြို့တော်ဝန်များနှင့် ကွန်ဂရက်လွှတ်တော်အမတ်များ၏အမည်တို့ကို ထုတ်ဖော်ပြောဆိုခဲ့သည်။

၎င်းတို့သည် အာဏာရအလုပ်သမားပါတီအဖွဲ့ဝင်များနှင့် သမ္မတဒီလ်မာရူဆက်ကို ထောက်ခံသော အခြားအုပ်စုနှစ်စုမှ အဖွဲ့ဝင်များ ဖြစ်ကြသည်။

သမ္မတက အောက်တိုဘာ ၅ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံရန် ကြိုးစားလျက်ရှိသည်။

အဆိုပါပုဂ္ဂိုလ်များ၏အမည်များကို ဘရာဇီးနိုင်ငံ၏ နာမည်ကြီးမဂ္ဂဇင်းများအနက်မှ တစ်ခုဖြစ်သော "ဗီဂျာ" တွင် ထည့်သွင်းဖော်ပြခဲ့သည်။

မစ္စတာကော့(စ်)တာက ၎င်းတာဝန်ထမ်းဆောင်ခဲ့သော ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ပီထရိုဘရာနှင့် စာချုပ်ချုပ်ဆိုသည့် ကန်ထရိုက်လုပ်ငန်းများ၏တန်ဖိုး အပေါ် ကော်မရှင်အဖြစ် ၃၀ ရာခိုင်နှုန်းကို နိုင်ငံရေးသမားများအား ပေးရသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

မစ္စတာကော့(စ်)တာမှာ ၂၀၁၃ ခုနှစ်တွင် ထိန်းသိမ်းခြင်းခံခဲ့ရသည်။

**ဘီဘီစီ။**

# နီကာရာဂွာမြို့တော်ပေါ်သို့ အာကာသမှ ဥက္ကာပျံ ကြွေကျ

**မနာဂွား စက်တင်ဘာ ၈**

နီကာရာဂွာနိုင်ငံ မြို့တော် မနာဂွားပေါ်သို့ အာကာသအတွင်းမှ ဥက္ကာပျံကြွေကျသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သော်လည်း ထိခိုက်သူမရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လူသူနေထိုင်မှု သိပ်သည်းသော မြို့တော်မနာဂွား၌ ထူးထူးဆန်းဆန်း ပေါက်ကွဲသံကြီး ပေါ်ထွက်ခဲ့ပြီး ဥက္ကာပျံ ကြွေကျမြေခဲ့သည်။ နိုင်ငံတကာလေဆိပ်အနီး ဥက္ကာပျံကြွေကျသည့်နေရာတွင် ၁၂ မီတာ(၃၉ပေ)အကျယ်အဝန်းရှိ ကျင်းကြီးတစ်ကျင်းဖြစ်ပေါ်ခဲ့ကြောင်း နီကာရာဂွာ မြေငလျင်လေ့လာရေးသိပ္ပံမှ စီဖရက်ဒိုစထရက်စ်က ပြောကြားသည်။

စက်တင်ဘာ ၈ ရက် ညသန်းခေါင်ယံဝန်းကျင်တွင် နိုင်ငံတကာလေဆိပ်အနီးရှိ တောအုပ်တစ်ခုအတွင်းသို့ ဥက္ကာပျံကြွေကျခဲ့ရာတွင် မြို့တော်တစ်ဝန်း၌ ထူးထူးဆန်းဆန်း ကျယ်လောင်သည့်ပေါက်ကွဲသံကြီးကို ကြားခဲ့ကြရသည်ဆို၏။

အစိုးရတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူပညာရှင်များသည် ဥက္ကာပျံကြွေကျမြေခဲ့သည့်နေရာသို့ စက်တင်ဘာ ၇ ရက်တွင် သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**ပီတီအိုင်။**



ဥက္ကာပျံကြွေကျမြေခဲ့သည့်နေရာကို နီကာရာဂွာစစ်သည်တစ်ဦးက စစ်ဆေးနေစဉ်။

# ဒူဘိုင်းလေဆိပ် တိုးချဲ့ရေးစီမံကိန်း ဒေါ်လာ ၃၂ ဘီလီယံအသုံးပြုမည်

**ဒူဘိုင်း စက်တင်ဘာ ၈**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ဒူဘိုင်းမြို့၌ လေဆိပ်တိုးချဲ့ရေး စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ဒူဘိုင်းမြို့ရှိ ဒုတိယမြောက်လေဆိပ်ကို တိုးချဲ့ရန် ဒူဘိုင်းစော်ဘွားက ဒေါ်လာ ၃၂ ဘီလီယံ အသုံးပြုရန် ခွင့်ပြုပေးလိုက်ကြောင်း အရှေ့အလယ်ပိုင်းဒေသရှိ သတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အယ်လ်မာခတွမ်နိုင်ငံတကာ လေဆိပ်၌ ခရီးသည်များအတွက် ဝန်ဆောင်မှုပေးခြင်းကို တစ်နှစ်လျှင် သန်း ၂၀၀ ကျော်အထိ ရှိလာစေရန် လေဆိပ်တိုးချဲ့ရေး စီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း လေဆိပ်လုပ်ငန်းလုပ်ဆောင်နေသောကုမ္ပဏီက ပြောကြားသည်။

လေဆိပ်တိုးချဲ့ရေး စီမံကိန်း၏ ပထမအဆင့်အရ လေယာဉ်ပြေးလမ်းကို တိုးချဲ့မည်ဖြစ်သည်။ တစ်နှစ်လျှင် ခရီးသည် သန်း ၁၂၀ အထိ ဝင်ထွက်နိုင်စေရန် ခရီးသည်များနားနေဆောင်ကိုလည်း တိုးချဲ့ရမည် ဖြစ်သည်။

လေဆိပ်တိုးချဲ့ရေး စီမံကိန်းကာလမှာ ခြောက်နှစ်မှ ရှစ်နှစ်အထိ အချိန်ယူရမည်ဖြစ်သည်။ စီမံကိန်းပြီးစီးသည့်အခါ လေယာဉ်ပြေးလမ်းငါးခု ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ဒူဘိုင်းလေဆိပ်ဝန်ဆောင်မှု ကုမ္ပဏီက ပြောကြားသည်။

**ပီတီအိုင်။**

# တက္ကသိုလ် နာလန္ဒာ အနုမောဒနာ ပြုအပ်ရာတည့်

■ ကိုရင်ညြ

နှစ်ပေါင်း ၈၀၀ နီးပါးမျှ ပိတ်ထားခဲ့ရသော နာလန္ဒာတက္ကသိုလ်ကြီးကို စက်တင်ဘာ ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ တစ်ချိန်တစ်ခါက အိန္ဒိယနိုင်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဗုဒ္ဓတက္ကသိုလ်ကြီးဖြစ်သည့် နာလန္ဒာတက္ကသိုလ်ကြီးကို ပြန်လည်ဖွင့်လှစ်လိုက်ရာတွင် ယင်းတက္ကသိုလ်၏ ပထမဆုံးသောသင်တန်းများအတွက် ကျောင်းဝင်ခွင့်ရရှိရန် လျှောက်ထားသူ ၁၀၀၀ ကျော်ရှိခဲ့ပြီး ၎င်းတို့အနက် ၁၅ ဦးသာပညာရည်နို့သောက်စို့ရန် ရွေးချယ်ခံခဲ့ရသည်။

ရှေးဟောင်း ရဝေနန်းမြေမှ နာလန္ဒာတက္ကသိုလ်ကြီးကို ပြန်လည်အသက်သွင်းရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်သင်တန်းများ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ပြီး ရှေးဟောင်းတက္ကသိုလ၏ ဂုဏ်ကျက်သရေ ဖြိုးမောက်မှုကို ကမ္ဘာမြေတစ်ဝန်းမှ မျက်ဝါးထင်ထင်တွေ့မြင်လာကြရပေတော့မည်။

နာလန္ဒာတက္ကသိုလ်ကြီး အစဉ်အလာကြီးမားပုံကို သမိုင်းက သက်သေတည်ပေလိမ့်မည်။ ဧကန်မုကား ယင်းတက္ကသိုလ်ကြီးသည် ကမ္ဘာကျော်ဟားဗတ်တက္ကသိုလ်နှင့် ကမ်းဘရေ့ဂျ်တက္ကသိုလ်တို့ကို ထူထောင်ခြင်းမရှိမီကာလကပင် တည်ရှိခဲ့ပြီးဖြစ်သော ကျောင်းတော်ကြီးဖြစ်သည်။ ဂုပ္ပတားမင်းဆက်က အေဒီ ၅ ရာစု တွင် တည်ထောင်ခဲ့သော တက္ကသိုလ်ကြီးဖြစ်သည်ဟုသမိုင်းမှတ်တမ်းများက ညွှန်းဆိုသည်။

လူသားတို့၏ ခက်ခဲနက်နဲသော ဂမ္ဘီရဉာဏ်နှင့် အသိဉာဏ်ခွန်အားတို့ကို ပေးစွမ်းသည့် တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ပြန်လည်ရှင်သန်လာမည့် နာလန္ဒာတက္ကသိုလ်သည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ် နာလန္ဒာမြို့အနီး၌ တည်ရှိသည်။ တက္ကသိုလ်နယ်မြေမှာ ၄၄၆ ဧက ကျယ်ဝန်းပြီး ရှေးဟောင်းတက္ကသိုလ်၏ အဆောက်အအုံအကြွင်းအကျန်များကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။

ရှေးဟောင်းတက္ကသိုလ်တည်ရာမှ ၁၂ ကီလိုမီတာခန့် ကွာဝေးသော မြေနေရာတွင် တက္ကသိုလ်နယ်မြေ အပြည့်အဝ ပေါ်ထွန်းလာစေရန် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ပြန်လည်ရှင်သန်လာမည့် နာလန္ဒာတက္ကသိုလ်တွင် ကနဦးအားဖြင့် ကောလိပ်ကျောင်း ခုနစ်ကျောင်း ထူထောင်သွားမည်ဟု ယင်းတက္ကသိုလ်၏အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ နာလန္ဒာတက္ကသိုလ်လက်အောက်ခံ ဒီဂရီကောလိပ် ခုနစ်ကျောင်းတွင် (၁)သမိုင်းပညာရပ်ဆိုင်ရာ လေ့လာမှုများ၊ (၂) ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများ၊ (၃) ဗုဒ္ဓစာပေလေ့လာမှုများ၊ (၄) ဘာသာစကားနှင့် စာပေလေ့လာမှုများ၊ (၅) နိုင်ငံတကာဆက်ဆံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာမှုများ၊ (၆) သတင်းအချက်အလက်နည်းပညာ၊ (၇) ဘောဂဗေဒနှင့် စီမံခန့်ခွဲမှု ဟူသော ဘာသာရပ်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

နာလန္ဒာတက္ကသိုလ်အောက်ရှိ ကောလိပ်များတွင် ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ကာ မဟာဘွဲ့၊ ဒဿနိကမဟာဘွဲ့နှင့် ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းပေးသွားမည်ဖြစ်သည်။ ပထမအသုတ်တက္ကသိုလ်ဝင်ခွင့်ရရှိကြသူများမှာ သမိုင်းဆိုင်ရာလေ့လာမှုများ ဘာသာရပ်ကိုလည်းကောင်း၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုဘာသာရပ်ကို လည်းကောင်း ဆည်းပူးခွင့်ရရှိကြသည်။

ရှေးရိုးစဉ်လာ ကြီးမားလှသည့် နာလန္ဒာတက္ကသိုလ်ကြီး ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြည်ပမှ အကူအညီများကိုလည်း လက်ခံရရှိခဲ့သည်။ အိန္ဒိယနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးက ဒေါ်လာတစ်သိန်း လှူဒါန်းခဲ့သည်ဟုသိရပြီး စင်ကာပူနိုင်ငံက တက္ကသိုလ်ကြီးအတွက် ဒေါ်လာ ငါးသန်း လှူဒါန်းရန် ကတိပြုခဲ့သည်။

နာလန္ဒာတက္ကသိုလ်၌ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံက ဒေါ်လာတစ်သန်း ထည့်ဝင်လှူဒါန်းခဲ့သည်။ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုများ ကောလိပ်အတွက် ဩစတြေးလျနိုင်ငံက ဩစတြေးလျဒေါ်လာ တစ်သန်း ထောက်ပံ့ပေးမည်ဖြစ်သည်။


အကျော်ဒေးယျ တက္ကသိုလ်ဖြစ်သော နာလန္ဒာတက္ကသိုလ်အား ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းမှုများမှာ ၂၀၀၆ ခုနှစ်တွင် အရှိန်အဟုန်ရရှိလာခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံ၏သမ္မတဖြစ်သူ လောကဓာတ်သိပ္ပံဆရာကြီး အေပီဂျေအဗ္ဗဒူလ်ခါလမ်က ယင်းတက္ကသိုလ်အတွက် နိုင်ငံတကာ 'အာစရိယအဖွဲ့' ကို ထူထောင်ကြောင်း ကြေညာခဲ့သည်။

နိုဘယ်ဆုရ ဘောဂဗေဒပညာရှင် အမာတရဆန်းနှင့် နိုင်ငံတကာမှ ပညာရှင်များအား အာစရိယအဖွဲ့တွင် ပါဝင်စေခဲ့သည်။ အမာတရဆန်းသည် ယခုအခါ နာလန္ဒာတက္ကသိုလ်၏ အဓိပတိအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာတွင် အိန္ဒိယပါလီမန်က တက္ကသိုလ်ထူထောင်နိုင်ရန် နာလန္ဒာတက္ကသိုလ်ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည်။ ၂၀၁၄ ခုနှစ် မတ်လတွင်မူ တက္ကသိုလ်၏ အုပ်ချုပ်မှုစနစ် သွက်လက်ထက်မြက်စေရန် ဥပဒေပြင်ဆင်ချက်အချို့ ပြုလုပ်ခဲ့သည်။

အေဒီ ငါးရာစုမှသည် ၁၁၉၇ ခုနှစ်အထိ အခွန့်ရှည်တည်ရှိခဲ့သော နာလန္ဒာတက္ကသိုလ်ကြီးသည် ရှေးအခါက ဗုဒ္ဓတက္ကသိုလ်ကြီးအဖြစ် ကျော်ကြားခဲ့ပြီး ကျူးကျော်သူများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခြင်းသို့ ရောက်ရှိခဲ့ရသည်။ ယင်းတက္ကသိုလ်ရှိ စာကြည့်တိုက်မှာ အလွန်ပင် ကြီးကျယ်လှပြီး ကျူးကျော်သူများက မီးရှို့ဖျက်ဆီးခဲ့ရာတွင် သုံးလကြာမျှမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့သည်ဟု မှတ်တမ်းများအရ သိရှိရသည်။

နာလန္ဒာတက္ကသိုလ် တည်ရှိခဲ့ချိန်က ကမ္ဘာတစ်လွှား ဝှဲချီးထိုက်လှပြီး ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များနှင့် စာသင်သားများကို ဆွဲဆောင်နိုင်ခဲ့သည်။



ကျော်ကြားမှု ဂုဏ်သတင်းကောင်းသော ယင်းတက္ကသိုလ်တွင် တိဘက်၊ တရုတ်၊ အီရန်စသည့် ပင်လယ်ရပ်ခြား ဒေသများမှ ပညာရှင်များနှင့် စာသင်သားများ မွေ့လျော်ခဲ့ကြသည်။ ပညာရှင်များကို အမှီပြု၍ တက္ကသိုလ်ကြီးအခွန့်ရှည်ခဲ့ခြင်းသည် အရုဏဟူသောနေရောင်ခြည်ကို အမှီပြု၍ ပဒုမ္မာကြာပွင့်လာခြင်းနှင့် ပုံခိုင်းနိုင်သည်။

ရာစုနှစ်ပေါင်းများစွာကြာ ပိတ်ထားခဲ့ရပြီးနောက် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့သစ် လက်ထက်တွင် နာလန္ဒာတက္ကသိုလ်ကြီး ပြန်လည်အသက်ဝင်စပြုလာပြီဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ပညာရှင်များနှင့် စာသင်သားများ မွေ့လျော်ရာ နိုင်ငံတကာတက္ကသိုလ်ကြီးအဖြစ် ပြန်လည်တွေ့မြင်ခွင့်ရကြတော့မည်ဖြစ်ရာ ပညာလိုလား အမျိုးကောင်းသားများအားလုံးက ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြမည်မှာ မလွဲသေချာလှသည်ဟု ဆိုပါရစေ။ ။

## ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် န၀မပုံမှန်စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၈**

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် လွှတ်တော်ကိုယ်စားလှယ် ၃၀ တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများကို ဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ခမ်းနားလှပသော အားလပ်ရက်များကို အသက်သာဆုံးဈေးနှုန်းများဖြင့် စတင်လိုက်ကြပါစို့
စက်တင်ဘာ (၁၂) ရက်နှင့်(၁၃)ရက် (၂)ရက်တည်းသာ ကျင်းပမည့် လက်မှတ်အရောင်းပွဲတွင်သာ ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။
နေ့ရက် - ၁၂-၁၃ စက်တင်ဘာလ ၂၀၁၄
အချိန် - နံနက် ၉ နာရီ မှ ညနေ ၅ နာရီ
နေရာ - Park Royal Hotel (Yadanar Ballroom 1&2)
Columbus TRAVELS & TOURS Table No.4




SINGAPORE from USD 169 RETURN
BALI | MANILA HO CHI MINH CITY from USD 569 RETURN
BANGALORE KOCHI | MALDIVES from USD 808 RETURN
BRISBANE MELBOURNE | SYDNEY from USD 1088 RETURN
FRANKFURT MUNICH | PARIS from USD 1160 RETURN
ခရီးသွားနိုင်မည့်ရက် ၂၀၁၄ စက်တင်ဘာလ (၁၅)ရက် မှ ၂၀၁၅ မတ်လ (၃၁)ရက် နေ့အထိ၊ KrisFlyer မိုင်၃၀% အပိုခံစားခွင့်၊ ကီလို၃၀ သယ်ဆောင်ခွင့်နှင့်အတူ အသက်သာဆုံးသောဈေးနှုန်းများရရှိပါမည်။ လက်မှတ်ဝယ်သူတိုင်းအတွက် လက်ဆောင်ပစ္စည်းများနှင့်အတူ စကၠာပူလက်မှတ်များကိုလည်း ကံစမ်းပေးမည်။
Columbus TRAVELS T: 229245, 216245, 378535, 378549

NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျားသစ်လွင် ခရီးစဉ်
☆ တောင်ကြီး - အင်းလေး ခရီးစဉ် - Oct; 7
☆ မန္တလေး - ပြင်ဦးလွင် ခရီးစဉ် - Oct; 7
☆ ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် - Oct; 7
☆ ငွေဆောင် ခရီးစဉ် - Oct; 10
ရွှေစက်တော် / မိုးကုတ် / ရွှေလီ / မော်လမြိုင် / အလောင်းတော်ကဿပ / ချောင်းသာ / ပေလီ
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph ; 527 922, 538 811, 09 731 48922, 09 731 48848

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar Travel and Tours
အောက်တိုဘာလ သီတင်းကျွတ်အားလပ်ရက်များတွင် စိတ်အေးချမ်းသာစွာ ပြည်ပခရီးစဉ်သွားချင်သူများအတွက်•••
လူဦးရေ ၅ ယောက်နှင့်အထက် စာရင်းပေးသွင်းပါက ခရီးစဉ်ပေါ်လိုက်၍ တဦးချင်းစီအတွက် Discount များ လျှော့ပေးနေပါသည်။
ဂျပန်နှင်းတောင်တန်းခရီးစဉ် ဂျပန်ခရီးစဉ် ဟောင်ကောင်-မကာအိုခရီးစဉ် ကိုရီးယားခရီးစဉ်
ဘန်ကောက်-ပတ္တရားခရီးစဉ် ဘူတန်နိုင်ငံခရီးစဉ် တရုတ်ပြည်ခရီးစဉ်
စင်ကာပူ-မလေးရှားခရီးစဉ် ဗီယက်နမ်ခရီးစဉ်
ဘာလီကျွန်းခရီးစဉ် ဖူးခက်ကမ်းခြေခရီးစဉ် စင်ကာပူခရီးစဉ် ဗီယက်နမ်-ကမ္ဘောဒီးယားခရီးစဉ်
တိုက်(၂၉/၃၀)၊ ပထမထပ်၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ် TEL: 228828, 0973211140, 0943185215

# (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း

ခင်ချင်းတွင်း

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌရာထူးရယူထားစဉ် ၂၀၁၄ ခုနှစ်အတွင်း မိမိတို့နိုင်ငံ၏ အာဆီယံဥက္ကဋ္ဌဆောင်ပုဒ်ကို **"ရှေ့သို့တူညီ တက်လှမ်း၍ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"** ဟု သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံဥက္ကဋ္ဌတာဝန်အရ အာဆီယံထိပ်သီးအစည်းအဝေး၊ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိအစည်းအဝေးများနှင့် လုပ်ငန်းအုပ်စုအဆင့် စသည့် **အဆင့်အသီးသီး၏ အစည်းအဝေးများအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်**ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ကြီးသို့ ၁၉၉၇ ခုနှစ်ကတည်းက ဝင်ရောက်ခဲ့ပြီး **ပထမဆုံးအကြိမ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်း**ဖြစ်ပါသည်။

## တာဝန်ကိုယ်စီရှိကြသည်

အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် **အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ အာဆီယံစီးပွားရေးမဏ္ဍိုင်၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင်ဟူသည့် အဓိကမဏ္ဍိုင်ကြီးသုံးရပ်မှ ဒေါက်တိုင်သဖွယ် ပံ့ပိုးလျက်ရှိ**ရာ အဆိုပါမဏ္ဍိုင်သုံးရပ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (ASEAN Political and Security Community-APSC) ထူထောင်ရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနကလည်းကောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ထူထောင်ရေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကလည်းကောင်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Social and Cultural Community-ASCC) ထူထောင်ရေးကို ယဉ်ကျေးမှုဝန်ကြီးဌာနကလည်းကောင်း Focal အဖြစ် အသီးသီးတာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

## အာဆီယံဥက္ကဋ္ဌတာဝန်ချိန်အတွင်း အောင်မြင်စွာ ထူထောင်ရေးအတွက် အဓိကလုပ်ငန်းများ

အာဆီယံဥက္ကဋ္ဌတာဝန်ချိန်အတွင်းဖြစ်ပါ၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) နေပြည်တော်၌ ၂၅-၈-၂၀၁၄ ရက်နေ့မှ ၂၈-၈-၂၀၁၄ ရက်နေ့အတွင်း **(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ**ကို ဖွဲ့စည်းကျင်းပခဲ့ပါသည်။ အဆိုပါဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီတွင် အဆင့်မြင့်စီးပွားရေးအရာရှိများအစည်းအဝေး (၁/၄၅)၊ (၂/၄၅)နှင့် (၃/၄၅)အစည်းအဝေးများနှင့် ၂၃-၈-၂၀၁၄ မှ ၂၄-၈-၂၀၁၄ ရက်များအတွင်း အကြိုအစည်းအဝေးတို့ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် **အာဆီယံဥက္ကဋ္ဌတာဝန်ရယူထားစဉ်အတွင်း အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရေးအတွက် အောင်မြင်အောင် ဖော်ဆောင်မည့် အဓိကလုပ်ငန်းများမှာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု (Private Sector Development)၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership)နှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေးအသိုက်အဝန်း၏မျှော်မှန်းချက် (AEC Post 2015 Vision)**စသည်တို့ ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ (AEC Blue Print)အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် **၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်နိုင်ရန်အတွက် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် စီးပွားရေးဒေသ၊ စီးပွားရေးဖွံ့ဖြိုးမျှတသည့်ဒေသ၊ ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းမှုရှိသောဒေသ** စသည်တို့ကို မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါရည်မှန်းချက်များကို အချိန်မီပြည့်မီ စေရန် စုပေါင်းကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

## (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ

အစည်းအဝေး**ပထမနေ့**တွင် အာဆီယံနိုင်ငံများ၏ မူဝါဒအရ ဦးစွာ အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်အတွက် အာဆီယံဗဟိုပြုမှု (ASEAN Centrality)၊ အာဆီယံ၏ ခိုင်မာသည့် စည်းလုံးညီညွတ်မှု (ASEAN Solidarity) ရရှိရေးအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ဆွေးနွေးပါသည်။ အစည်းအဝေး**ဒုတိယနေ့**တွင် အရှေ့အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်စသည့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်လက်ဆွေးနွေးပါသည်။

ထို့နောက်မှ အစည်းအဝေး**တတိယနေ့**တွင် ဥရောပ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံများပါဝင်သည့် ဆွေးနွေးဖက်နိုင်ငံများ၊ ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအဖွဲ့များနှင့် ဆွေးနွေးပါသည်။ အစည်းအဝေး**စတုတ္ထနေ့**တွင်မူ စီးပွားရေးအကြံပေးကောင်စီများ၊ ကုန်သွယ်ရေးအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များနှင့် ဆွေးနွေးရန် စီစဉ်ခဲ့ပါသည်။

၂၅-၈-၂၀၁၄ ရက်နေ့မှ ၂၈-၈-၂၀၁၄ ရက်နေ့အတွင်း (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ် အောက်ဖော်ပြပါအစည်းအဝေးပေါင်း(၂၀)ကို မြန်မာနိုင်ငံ၏ အာဆီယံ




စီးပွားရေးဝန်ကြီးဖြစ်သူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်-

### ၂၅-၈-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့်အစည်းအဝေးများ

(က) (၂၈)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊

(ခ) (၁၇)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး၊

(ဂ) (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(ဃ) (၁၂)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေး။

### ၂၆-၈-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့်အစည်းအဝေးများ

(က) (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်စီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(ခ) (၂၀)ကြိမ်မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(ဂ) (၁၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊

(ဃ) (၁၇)ကြိမ်မြောက် အာဆီယံ+၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား)စီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(င) (၁၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျနှင့် နယူးဇီလန်စီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(စ) (၁၂)ကြိမ်မြောက်အာဆီယံ-အိန္ဒိယစီးပွားရေးဝန်ကြီးများအစည်းအဝေး။

### ၂၇-၈-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့်အစည်းအဝေးများ

(က) ဆဋ္ဌမအကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊

(ခ) တတိယအကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊

(ဂ) ဒုတိယအကြိမ်မြောက် အရှေ့အာရှနိုင်ငံများ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊

(ဃ) ဒုတိယအကြိမ် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ အစည်းအဝေး။

### ၂၈-၈-၂၀၁၄ ရက်နေ့တွင်ကျင်းပသည့်အစည်းအဝေးများ

(က) (၁၆)ကြိမ်မြောက် အာဆီယံ-မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေး၊

(ခ) တတိယအကြိမ် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ရုရှားနိုင်ငံဆွေးနွေးပွဲ၊

(ဂ) အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲ၊

(ဃ) အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူ-အာဆီယံစီးပွားရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲ၊

(င) အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံ-အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး၊

(စ) ဆဋ္ဌမအကြိမ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်စီးပွားရေးဝန်ကြီးများအစည်းအဝေး။

ထို့ပြင် မြန်မာနိုင်ငံအပါအဝင် အခြားတက်ရောက်လာကြသည့် နိုင်ငံပေါင်း (၂၀)မှ ဝန်ကြီးများအနေဖြင့် အဆိုပါအစည်းအဝေးကျင်းပသည့်ရက်အတွင်း **နိုင်ငံအချင်းချင်း (Bilateral) အစည်းအဝေးပေါင်း (၅၉)ခုကို တွေ့ဆုံဆွေးနွေးခဲ့ကြ**ပါသည်။

အဆိုပါအစည်းအဝေးများ၏ သတင်းထုတ်ပြန်ချက် (Joint Media Statement)များအား တက်ရောက်လာသည့် မီဒီယာများကိုသာမက http://www.asean.org တွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာခဲ့ပါသည်။

## ကမ္ဘာ့အလယ်တွင် လင်းလက်တောက်ပလျက်ရှိသည့် အာဆီယံ

အာဆီယံဒေသတွင်း စီးပွားရေးအခြေအနေများအရ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာအောင် ကြိုးပမ်းနေရသည့်အချိန်မှာပင် အာဆီယံဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ အမှန် ဂျီဒီပီတိုးနှုန်းအဖြစ် ၅ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်း ခန့်မှန်းထားခဲ့သော်လည်း လာမည့် အာဆီယံ၏ ပိုမိုဖွံ့ဖြိုးသော နိုင်ငံများ၏ ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများ ပိုမိုကောင်းမွန်လာမည်ဟု ခန့်မှန်းသောကြောင့် ၂၀၁၅ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လိမ့်မည်ဟု ခန့်မှန်းထားပါသည်။ သို့ဖြစ်ပါ၍ အာဆီယံဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ကမ္ဘာ့ပျမ်းမျှ ဖွံ့ဖြိုးတိုးတက်မှုနှုန်းထက် သာလွန်မှုရှိပါကြောင်း သုံးသပ်နိုင်ပါသည်။

## အေအီးစီလမ်းပြပုံစံအရ အကောင်အထည်ဖော်ဆောင်မှုများ

အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရာတွင် **အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အေအီးစီလမ်းပြပုံစံ (AEC Blue Print) အရ ၂၀၁၃ ခုနှစ်တွင် ပြီးမြောက်စေရန် လျာထားခဲ့သည့်အတိုင်း လက်ရှိတွင် ၈၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဆောင်ရွက်ရမည့်အချက်များ (AEC key deliverables)အနက် ၂၂၉ ခုအား ဆောင်ရွက်ပြီးစီးပြီ**ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်နိုင်ရန်အတွက် ဒေသတစ်ခုလုံးကို **ဈေးကွက်တစ်ခုတည်းနှင့် ထုတ်လုပ်မှုတစ်နေရာတည်းဖြစ်ပေါ်လာစေရန်** ရည်ရွယ်ထားပါသည်။ ကုန်စည်ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြှင့်တင်ခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဖြေလျှော့မှုပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းတွင် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းနိုင်ရေး ဦးစားပေးလုပ်ငန်းများ သတ်မှတ်ကာ ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံနိုင်ငံများအနေဖြင့် အကောက်ခွန်လိုင်းများ လျှော့ချမှု၊ အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုအတားအဆီးများ ဖယ်ရှားရေး၊ ပင်ရင်းဒေသ စည်းမျဉ်းဆိုင်ရာကိစ္စများ၊ အာဆီယံတွင် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး ဆောင်ရွက်မှုများ၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အာဆီယံ၏ Common Effective Preferential Tariff (CEPT) အစီအစဉ်အကောင်အထည်ဖော်မှုတို့တွင် အခက်အခဲများဖြေရှင်းရေး၊ အကောက်ခွန်ပေါင်းစည်းရေး၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေးနှင့်ပတ်သက်၍ အပြန်အလှန်အသိအမှတ်ပြုရေး၊ စည်းမျဉ်းစည်းကမ်းများ တစ်ပြေးညီဖြစ်ရေးနှင့် ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ အဟန့်အတားများ ဖယ်ရှားရေးတို့တွင် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများစွာရှိသော်လည်း စိန်ခေါ်မှုများရှိနေပါသည်။ သို့သော်လည်း အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေးခံနိုင်ရည်ရှိမှု၊ အလားအလာကောင်းများနှင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်နိုင်မည်ကို ယုံကြည်လျက်ရှိကြပါသည်။ CLMV နိုင်ငံများအတွက် အကောက်ခွန်ပေါင်းစည်းရေး၊ ဖြေလျှော့ရေးကိစ္စရပ်များအတွက် ဖွံ့ဖြိုးမှုအဆင့်အရ ပျော့ပျောင်းမှု(Flexibility)ကို ၂၀၁၈ ခုနှစ်အထိ ပေးထားပါသည်။

## စာချုပ်နှစ်ခုကို ပူးတွဲလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း

(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဆောင်ရွက်နေစဉ်အတွင်း ၂၆-၈-၂၀၁၄ ရက်နေ့တွင် အာဆီယံစီးပွားရေးဝန်ကြီးများသည် **အာဆီယံ (၁၀)နိုင်ငံအကြား အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြစာချုပ်နှင့် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြစာချုပ်နှစ်ခုတို့ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၏ ကျောက်စိမ်းခန်းမတွင် ပူးတွဲလက်မှတ်ရေးထိုးခဲ့ကြ**ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းရေးရာ

# မျက်မှောက်လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတတ်မြောက်ရေးသည် အရေးပါလာ

**နေပြည်တော် စက်တင်ဘာ ၈**

၂၁ ရာစုတွင် မျက်မှောက်လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတတ်မြောက်ရေးသည် ယခင်ကထက်ပို၍ အရေးပါလာပြီး ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ရမည့် နိုင်ငံတော်၏ပညာရေးမြှင့်တင်မှု အစီအစဉ်တစ်ရပ်အဖြစ်ခံယူကာ ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးလှုပ်ရှားစို့" ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် ၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးအထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် မတိုင်မီအတွင်း နိုင်ငံအဆင့်စာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိရရှိရန် ဆောင်ရွက်နေပါကြောင်းနှင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရာတွင် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းသုံးမျိုးဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းမှုကို ၁၉၄၈ ခုနှစ်မှစ၍ ယနေ့အထိ လှုပ်ရှားဆောင်ရွက်ခဲ့ပါကြောင်း၊ စာတတ်မြောက်ရေးကို တစ်နိုင်ငံလုံး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက် ရီဇာပါလာဗီဆုနှင့် နိုမာဆုကို ရရှိခဲ့ပါကြောင်း၊ ကျောင်းပြင်ပ



ပညာရေးလုပ်ငန်းစဉ်တွင် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်မပြတ်ပညာရေးတို့ကို ကဏ္ဍအလိုက်စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၌ စာသင်ဝိုင်းပေါင်း ၄၃၄၃ ခု ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် တိုးမြင့်လာပါကြောင်း၊ စာတတ်မြောက်ခြင်းဖြင့် ပြည်သူလူထုသည် မိမိတို့ဘဝ လုံခြုံရေး၊ ကျန်းမာရေး၊ ဖူလုံရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်လာသည့်သတင်းအချက်အလက်များကို ရယူနိုင်ပြီး အသက်မွေးဝမ်းကျောင်းမှုကို ရွေးချယ်လုပ်ကိုင်နိုင်မှုအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာကာ သဘာဝပတ်ဝန်းကျင်အပြောင်းအလဲကို ရင်ဆိုင်ဖြေရှင်းနိုင်သူများ၊ ရင့်ကျက်သူများဖြစ်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနား၌ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဌာနေကိုယ်စားလှယ် မစ္စတာဆာဒါအူမာအလမ်က ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်တို့က ၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများ၊ ပညာရေးတက္ကသိုလ်/ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများနှင့် အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ ဆုရရှိသူများအား ဆုများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ပညာရေးဖွံ့ဖြိုးမှုပြခန်းအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။**(ဝဲပုံ)**

နိုင်ငံတော်အနေဖြင့် လုပ်ငန်းခွင်ရွှေ့ပြောင်းလုပ်ကိုင်နေကြသည့် မိသားစုဝင်များ၏ ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ရွေ့လျားကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လူတိုင်းအကျုံးဝင်သော ပညာရေးကို ဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့ မသင်မနေရ ပညာရေး၊ အရည်အသွေးကောင်းမွန်သည့်အခြေခံပညာကို ပြီးဆုံးအောင်သင်ယူခွင့်ရရှိရေး၊ လူတိုင်းအတွက် လုပ်ငန်းအခြေပြု စာတတ်မြောက်ရေးနှင့် စဉ်ဆက်မပြတ်ပညာရေး၊ စာတတ်မြောက်ရေးအခွင့်အလမ်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများပူးပေါင်း၍ အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဦးလွင်ခရိုင် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၅ ရက်တွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သည့် ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်း စုစုပေါင်း ၁၂၉၇ ခုအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီး ထောက်ပံ့ကြေးငွေများကို ၃ ဒသမ ၁၃ဆ တိုးမြှင့်၍ စုစုပေါင်း ကျပ်သိန်းပေါင်း ၁၇၁၆၆ သိန်းအား ထောက်ပံ့ပေးလျက် ရှိပါကြောင်း။

ထိုသို့ ထောက်ပံ့ပေးခြင်းသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေခြင်းပဲ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒိုးပင်အောင်ကံသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၅၆ ဒသမ ၇၉ သိန်း၊ ပြင်ဦးလွင် မျက်မမြင်ကျောင်းအတွက် ၄၀ ဒသမ ၈၀ သိန်းနှင့် ချယ်ရီမြေဘိုးဘွားရိပ်သာအတွက် ၃ ဒသမ ၆၀ သိန်း၊ မတ္တရာမြို့နယ်အတွင်းရှိ အောင်သာကံမြင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၃ ဒသမ ၃၆ သိန်းနှင့် ရွှေဘုံစံဘိုးဘွားရိပ်သာအတွက် ၄ ဒသမ ၅၀ သိန်း၊ မိုးကုတ်မြို့နယ်အတွင်းရှိ ရတနာသိဒ္ဓိလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၂ ဒသမ ၂၉ သိန်း၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ ရွှေစည်းခုံကျောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၃ ဒသမ ၈၇ သိန်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ကိုးကျောင်းအတွက် ၅၄ သိန်း စုစုပေါင်းကျပ်သိန်းပေါင်း ၄၃၉ ဒသမ ၂၁ သိန်းအား ထောက်ပံ့ပေးအပ်သည်။

ပြင်ဦးလွင်ခရိုင်အတွင်းရှိ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်း (၁၆/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက နည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၁၄) မှ (၁၅/၂၀၁၄) ထိအား ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ ခရိုင်များအားလုံးနှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ ကျေးရွာစုစုပေါင်း ၄၅၀ ကျော်မှ လူငယ်မောင်မယ် စုစုပေါင်း ၁၆၀၀ ခန့်ကို နည်းပြသင်တန်းများ ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နည်းပြသင်တန်းများ ဖွင့်လှစ်သော တိုင်းဒေသကြီး/ပြည်နယ်များမှာ ဆင့်ပွားသင်တန်းများလည်း ဆက်လက်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း နည်းပြသင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမှာဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းမှာ လူငယ်များအတွက် အလေးထားစဉ်းစားပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ မြေတိုင်းကျောင်းသို့ ရောက်ရှိပြီး ရပ်ကွက် ၂၀ နှင့် ကျေးရွာ ၁၀ မှ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ် ၃၀ တို့ကို နည်းပြသင်တန်းပို့ချနေမှုနှင့် ရပ်ကွက် ၂၆ ခုနှင့် ကျေးရွာလေးရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် ၃၀ တို့ကို နည်းပြသင်တန်းဖွင့်လှစ်နေမှုတို့အား ကြည့်ရှုအားပေးစကား ပြောကြားသည်။

စက်တင်ဘာ ၆ ရက်တွင်အမှတ် (၆) ရပ်ကွက် သစ်တောလမ်း ရုံးပေါင်းစုံဝင်းအတွင်းရှိ ပြင်ဦးလွင်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင် တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ချယ်ရီမြေဘိုးဘွားရိပ်သာသို့ရောက်ရှိပြီး ဘိုးဘွားများကို ဝန်ကြီးဌာနမှ အသုံးအဆောင်ပစ္စည်းများနှင့် ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်တို့က အလှူငွေနှင့် ဆေးဝါးများအား လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၉-၉-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၁၂း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း "နှလုံးသားစစ်တုရင်" (ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာ၊ ချောရတနာ) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)] |
| ၂း၁၀ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၂း၄၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၃း၄၅ | ၂၀၁၄ ခုနှစ် အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၁၉ အသင်းနှင့် အင်ဒိုနီးရှားယူ-၁၉အသင်း) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈း၃၅ | "မျက်မှောက်ရေးရာအဖြာဖြာ" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ |
| ၉း၃၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (အပိုင်း-၁၀၂) -ပြည်သူ့နီတိ"ညစောင့်" |

### မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၉-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၅း၁၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မာရီမာ" (အပိုင်း-၆၀) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြွေလွှာထက်ကတော်ဝင်လက်ရာ" (အပိုင်း-၆၃) |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်ရိုပ်ဆူး" (အပိုင်း-၉) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးနောက်ကွယ်" (အပိုင်း-၁၇) |

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်း SIM Card များ ဆက်လက်ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT SIM Card များကို ယခင်က လစဉ်ခွဲတမ်းစနစ်ဖြင့် ရောင်းချပေးခဲ့ရာမှ မိဘပြည်သူများ ပိုမိုလွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်တင်ဘာ ၁ ရက်မှစ၍ ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးခဲ့ရာတွင် စက်တင်ဘာ ၈ ရက်အထိ MPT SIM Card ခုနစ်သိန်းခန့် ရောင်းချပေးခဲ့ပြီး ၃ ဒသမ ၈ သိန်းခန့် အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။

ဆက်လက်၍လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT SIM Card များကို နိုင်ငံတစ်ဝန်း ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ်များအနှံ့ စဉ်ဆက်မပြတ် ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရခိုင်ပြည်နယ်၏ နိုင်ငံသားဖြစ်မှုစိစစ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍

မင်းမင်းဇော်(သတင်းစဉ်)

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၁၂ တွင် နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်၊ နိုင်ငံတော်၏ ဥပဒေပါတာဝန်များကို ထမ်းဆောင်ရမည်၊ နိုင်ငံတော်၏ ဥပဒေပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့အတူ နိုင်ငံသားပြုခွင့်ရသူတစ်ဦးအနေဖြင့်လည်း နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်၊ နိုင်ငံတော်၏ ဥပဒေပါတာဝန်များကို ထမ်းဆောင်ရမည်၊ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့် အခွင့်အရေးများမှအပ နိုင်ငံတော်၏ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသားဥပဒေပါအခွင့်အရေးများ ရရှိခံစားနိုင်ရန် ရခိုင်ပြည်နယ်၌ ပြည်နယ်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်စိုးနှင့် တွေ့ဆုံမေးမြန်းပြီး ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေကို ဘာကြောင့်ဖွဲ့စည်းထားပါသလဲခင်ဗျာ။**

ဖြေ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူစဉ်က ဘင်္ဂါလီလူမျိုးအမည်နဲ့ စာရင်းကောက်ခံသူတွေကို ခိုးဝင်လာသူ ဟုတ်/မဟုတ်နဲ့ နိုင်ငံသားဖြစ်မှု စိစစ်နိုင်ဖို့အတွက် နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ ပြည်နယ်နှင့် မြို့နယ်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တွေကို ဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းဖြစ်ပါတယ်။

**မေး။ ဘယ်လိုအဆင့်တွေမှာ ဘယ်လိုပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းထားပါသလဲ။**

ဖြေ။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၆၇ အရ ပြည်ထောင်စုအစိုးရအဖွဲ့က ဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို တာဝန်ပေးအပ်ပါတယ်၊ အဖွဲ့ဝင်တွေကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတွေဖြစ်ကြပြီး ဥက္ကဋ္ဌရဲ့တာဝန်ပေးအပ်ခြင်းခံရသူက အတွင်းရေးမှူးဖြစ်ပါတယ်။ နောက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၄ အရ ပြည်နယ်/မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေကိုလည်း ပြည်နယ်အဆင့်မှာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်တဲ့အဖွဲ့နဲ့ မြို့နယ်အဆင့်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့အဖွဲ့တွေဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဘယ်နေရာမှာ စတင်စစ်ဆေးနေပါပြီလဲ၊ ဘယ်နှဦးရှိပါပြီလဲ၊ ဘယ်နေ့တွေမှာ စစ်ဆေးပါသလဲ။**

ဖြေ။ မြေပုံမြို့နယ် နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ ဩဂုတ် ၅ ရက်က စတင်ပြီး နေ့စဉ်စစ်ဆေးလျက်ရှိပါတယ်။ စက်တင်ဘာ ၆ ရက်အထိ ကျား ၃၀၆ ဦး၊ မ ၃၇၃ ဦး စုစုပေါင်း ၆၇၉ ဦး စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။


ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးခင်စိုး။

လျှောက်လွှာစိစစ်လက်ခံပြီး စစ်ဆေးပေးရမယ့်ဦးရေက ၁၀၉၄ ဦးရှိပါတယ်။ ပြည်နယ်အဖွဲ့အနေဖြင့် ဩဂုတ် ၂၅ ရက်ကစပြီး အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တွေမှာ စစ်ဆေးပေးလျက်ရှိပြီး စက်တင်ဘာ ၆ ရက်ထိ ၁၇၀ ကို (ရုံးချုပ်)သို့ တင်ပြဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဆီကို လာရောက်အစစ်ဆေးခံမယ်ဆိုရင် ဘယ်လိုအထောက်အထားတွေလိုအပ်ပါသလဲ။**

ဖြေ။ မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ထံ အစစ်ဆေးခံနိုင်ဖို့အတွက် မွေးစာရင်း(သို့) ခိုင်လုံသည့်အထောက်အထား၊ မိဘနှစ်ပါးနဲ့ ဘိုးဘွားများကိုင်ဆောင်သည့်လက်မှတ်(ရှိပါက) မူရင်း(သို့)မိတ္တူ၊ ကာယကံရှင်ကိုင်ဆောင်တဲ့လက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကာကယံရှင်ရဲ့လျှောက်လွှာ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းရဲ့ထောက်ခံချက်၊ ကာယကံရှင်ရဲ့ မျိုးရိုးစဉ်ဆက်ဇယား၊ ဖြည့်သွင်းချက်မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နဲ့ ဓာတ်ပုံသုံးပုံ လိုအပ်ပါတယ်။

**မေး။ ရခိုင်ပြည်နယ်က ကျန်တဲ့နေရာဒေသတွေကိုရော ဘယ်လိုဆက်သွယ်ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ရခိုင်ပြည်နယ် မြေပုံမြို့နယ်လို ဘင်္ဂါလီလူမျိုးအမည်နဲ့ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ပေးရန်လျှောက်ထားလာမယ်ဆိုရင် ကျန်မြို့နယ်တွေကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ စုံစမ်းစစ်ဆေးတဲ့နေရာမှာ ဘယ်လိုစစ်ဆေးမှာလဲ၊ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုပြီး ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ။ မြို့နယ်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ စုံစမ်းစစ်ဆေးတဲ့အခါ လျှောက်ထားသူကို အဖွဲ့ရှေ့မှောက် ခေါ်ယူစိစစ်ပါမယ်၊ လျှောက်ထားချက် မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံချက် စိစစ်ခြင်း၊ ပြန်တမ်းဝင်အရာရှိတစ်ဦးရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း၊ အကျုံးဝင်တဲ့ ဥပဒေပုဒ်မအလိုက် အထောက်အထားပြည့်စုံစွာ ရှိ၊ မရှိ၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် အကျုံးဝင်သူများ သတ်မှတ်ထားတဲ့အရည်အချင်း ရှိ၊ မရှိနဲ့ လျှောက်လွှာတွင်ဖော်ပြထားတဲ့ သား၊ သမီးများအရင်းအချာဟုတ်၊ မဟုတ် စစ်ဆေးပြီး စစ်ဆေးတဲ့အဖွဲ့အနေနဲ့ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အကြံပြုချက်ရေးသွင်းခြင်း၊ နိုင်ငံသားဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၊ တံဆိပ်အဝိုင်းရိုက်နှိပ်ပြီး ပြည်နယ်အဖွဲ့သို့ ပေးပို့တင်ပြဆောင်ရွက်မှာဖြစ်ပါတယ်။

ပြည်နယ်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ မြို့နယ်အဖွဲ့က စိစစ်တင်ပြလာသည့် အမှုတွဲတွေကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ အကြံပြုတင်ပြခြင်း ရှိ မရှိ နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် အတည်ပြု၍ အကြံပြုချက်ရေးသွင်းခြင်း၊ ပြည်နယ်နိုင်ငံသားဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တွေအားလုံး လက်မှတ်ရေးထိုး၊ တံဆိပ်အဝိုင်းရိုက်နှိပ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန (ရုံးချုပ်)ကို ပေးပို့တင်ပြရမှာဖြစ်ပါတယ်။ နိုင်ငံသားပြုမှုနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆ နဲ့ အကျုံးဝင်ညီညွတ်သူတွေကို နိုင်ငံသားအဖြစ် အဆုံးအဖြတ်ပေးသင့်ကြောင်းနဲ့ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၄၂၊ ၄၃၊ ၄၄ နှင့် ၄၇ တို့နှင့် အကျုံးဝင်ညီညွတ်သူတွေကို နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်ဆုံးဖြတ်ပေးသင့်ကြောင်း အကြံပြုတင်ပြပါတယ်။

**မေး။ အစစ်ဆေးခံဖို့ ဘယ်ကိုအကြောင်းကြားရမလဲ၊ အစစ်ဆေးခံနိုင်တဲ့အကြောင်း ဘယ်လိုသတင်းဖြန့်ဝေထားပါသလဲ။**

ဖြေ။ ဒေသခံတိုင်းရင်းသားတွေနဲ့ မြေပုံမြို့နယ်မှာရှိတဲ့ ဘင်္ဂါလီတွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အပါအဝင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးတွေက ထပ်ဆင့်ရှင်းလင်းပြောကြားခြင်းတွေ ဆောင်ရွက်ပါတယ်။ ကာယကံရှင်ကိုယ်တိုင် လိုအပ်တဲ့ စာရွက်စာတမ်းတွေနဲ့ လာရောက်လျှောက်ထားနိုင်ကြောင်း မြို့နယ်ဦးစီးဌာနမှူးရုံးက သက်ဆိုင်ရာ ရပ်/ကျေးတွေ၊ ကယ်ဆယ်ရေးစခန်းတွေကို ကြိုတင်အသိပေးကြော်ငြာပါတယ်။

နိုင်ငံရေးပါတီတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ ဘင်္ဂါလီလူမျိုးစုအကြီးအကဲတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ သံတမန်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းဝင်တွေအားလုံးကိုလည်း ကြိုတင်အသိပေးပြီး မီဒီယာတွေကတစ်ဆင့် သတင်းထုတ်ပြန်ခြင်း၊ အသိပေးခြင်းတွေ ဆောင်ရွက်ပါတယ်။

**မေး။ ဘာတွေများ ဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ရခိုင်ပြည်နယ်မှာ တိုင်းရင်းသားလူမျိုးတွေကို မိုးပွင့်စီမံချက်(၆)နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးတဲ့လုပ်ငန်းကို ဇူလိုင် ၁၇ ရက်ကနေ စက်တင်ဘာ ၁၆ ရက်ထိ ဆောင်ရွက်ပေးလျက်ရှိရာမှာ ဩဂုတ် ၃၁ ရက်ထိ (၁၀)နှစ်နဲ့ (၁၈)နှစ်ပြည့် ၈၁၂၀ ဦး ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားတွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအခမဲ့ရရှိဖို့အတွက်လည်း လုပ်ငန်းရှင်၊ စေတနာရှင်၊ အလှူရှင်တွေကို ပါဝင်လှူဒါန်းပေးနိုင်ဖို့ စည်းရုံးဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားတွေအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ပေးတဲ့နေရာမှာ အမှန်တကယ်ကုန်ကျမယ့် ကျွန်တော်တို့ဌာနအတွက် ကုန်ကျစရိတ်က (၁၀)နှစ်နဲ့ (၁၈)နှစ်ပြည့် လျှောက်ထားသူတွေအတွက် ခြောက်ကျပ်သာ ပေးသွင်းရမှာဖြစ်ပြီး ပျောက်၊ ပျက်၊ မိတ္တူ လျှောက်ထားသူတွေအတွက် ၁၀ ကျပ်သာ ပေးသွင်းရမှာဖြစ်ပါတယ်။ အခြားကုန်ကျစရိတ်တွေအတွက် ဓာတ်ပုံရိုက်ခ၊ မိတ္တူကူးခ၊ ပလတ်စတစ်လောင်းခ စတာတွေဟာ ကျွန်တော်တို့ဌာနကို ပေးသွင်းရတာမဟုတ်ဘဲ ကာယကံရှင်ကိုယ်တိုင် ဆောင်ရွက်ရမယ့် ဆက်စပ်ကုန်ကျစရိတ်သာဖြစ်ပါတယ်။ ဒါကိုလည်း ကွဲကွဲပြားပြားသိမြင်စေချင်ပါတယ်။ တိုင်းရင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးနိုင်တာဖြစ်ဖြစ်၊ ဘင်္ဂါလီတွေကို နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စိစစ်အဆုံးအဖြတ်ခံတင်ပြတာဖြစ်ဖြစ် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်တာဖြစ်ပါတယ်။ ။

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ရာသီတုပ်ကွေးရောဂါ (Seasonal Influenza) သည် တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီး ရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားလူများသို့ ကူးစက်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် ရာသီတုပ်ကွေးရောဂါကြောင့် နှစ်စဉ် လူဦးရေ သုံးသန်းမှ ငါးသန်းအထိ ပြင်းထန်စွာ ရောဂါခံစားရပြီး လူဦးရေ နှစ်သိန်းခွဲမှ ငါးသိန်းအထိ သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းအရ သိရှိရပါသည်။

ရာသီတုပ်ကွေးရောဂါဖြစ်ပွားပါက ဖျားခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားအသောက်ပျက်ခြင်းတို့ ဖြစ်နိုင်ပါသည်။ ရောဂါပြင်းထန်လျှင် အဖျားကြီးခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်း၊ မောခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းနှင့် သတိလစ်ခြင်းတို့ဖြစ်ပွားပြီး အသက်ဆုံးရှုံးနိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ ချောင်းဆိုးခြင်း၊ နှာချေခြင်းဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူ၏ ခွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းမှသော်လည်းကောင်း ကူးစက်နိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်ကာ လူတိုင်းတွင် ရောဂါဖြစ်ပွားနိုင်ပြီး မိုးတွင်းနှင့် ဆောင်းကာလများတွင် ကပ်အသွင် ပိုမိုဖြစ်ပွားနိုင်ပါသည်။ အဆိုပါရောဂါသည် သာမန်အားဖြင့် မပြင်းထန်သော်လည်း ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ကြီးသူများ၊ နာတာရှည်ရောဂါရှိသူများတွင် ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်ပြီး တုပ်ကွေးရောဂါ၏ ဘေးထွက်ဆိုးကျိုးများကြောင့် အသက်ဆုံးရှုံးနိုင်ပါသည်။

ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ခြင်း၊ နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်၍ ပြုလုပ်ခြင်း၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ကောင်းစွာ အိပ်စက်အနားယူခြင်း၊ အာဟာရပြည့်ဝသည့် အစားအစာများစားသုံးခြင်း၊ လေကောင်းလေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊ လူထူထပ်သောနေရာများနှင့် ပွဲလမ်းသဘင်များအား သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်လွန်ကဲစွာသောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမှရှောင်ကြဉ်ခြင်း၊ ရောဂါဖြစ်ပွားသူများအား သီးသန့်နေထိုင်စေခြင်း၊ ရောဂါရှိသူ၏ နေအိမ်နှင့် ဆေးရုံများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ (Seasonal Influenza Vaccine)ကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရာသီတုပ်ကွေးရောဂါဖြစ်ပွားပါက မိမိကိုယ်တိုင် ဆေးကုသမှုခံယူရန်နှင့် အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေးအတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍ စနစ်တကျ ဆေးကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## စန္ဒိမာပညာရည်ချွန်(၂၅)နှစ်ပြည့် ငွေရတုအကြိုလှုပ်ရှားမှု IBC ခန်းမ၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၈**

သမိုင်းမြို့မ အထက(ယခု အထက-၁ မရမ်းကုန်း)ကို ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဆရာတော် ဦးစန္ဒိမာဘိဝံသအား ဂုဏ်ပြုပူဇော်သောအားဖြင့် စန္ဒိမာဆုချီးမြှင့်ရေးအဖွဲ့ကို တည်ထောင်ခဲ့ရာ ယခုနှစ်သည် ငွေရတု(၂၅)နှစ်မြောက်ဖြစ်သဖြင့် ငွေရတုအကြိုလှုပ်ရှားမှုကို စက်တင်ဘာ ၇ ရက်နံနက်က ဆုချီးမြှင့်ရေးအဖွဲ့မှ IBC ၌ ကျင်းပခဲ့သည်။(အပေါ်ပုံ)

အဆိုပါအခမ်းအနားတွင် ၁၉၆၄ ခုနှစ်မှ ကျောင်းစတင်တက်ရောက်ခဲ့ကြသော ကျောင်းသားဟောင်းလူရည်ချွန်ကြီးများမှ ၂၄ နှစ်တာကာလအတွင်း စန္ဒိမာထူးချွန်ဆုရခဲ့ကြသော ကျောင်းသားဟောင်းများအား ဩဝါဒများပြောကြားပြီး ဆုရကျောင်းသားဟောင်းများက ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်မျှဝေကြသည်။

အထက(၁)မရမ်းကုန်းမှ အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ၁၉၈၉ ခုနှစ်မှစတင်ကာ နှစ်စဉ်မပျက် ဆုချီးမြှင့်ခဲ့ရာ ယခုနှစ်သည် (၂၅) နှစ်ပြည့် ငွေရတုဖြစ်ပြီး ငွေရတုအထိမ်းအမှတ်အနေဖြင့် ငွေရတုဖော်ညွှန်းမြတ်မော်ကွန်းမဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဟု သိရသည်။

**(ဌေးခိုင်)**

## ပြည်တွင်းရေးရာ

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက်က တန့်ယန်း မြို့နယ် မိုင်းကျိုင်ကျေးရွာနေ မနိုင်း မိန့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၁၂၆ ပြား သိမ်းဆည်း ရမိ၍ နိုင်းမိန့်(၄၈)နှစ်အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေး ယူထားကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၀) လှိုင်ကော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်ကော်မြို့နယ် နောင်ယား(က)ကျေးရွာ နာနတ်တော ရပ်ကွက် နယ်မြေ(၁၁) အမှတ် (တ/၄၇၂) နေ မောင်လော၏နေအိမ် အားရှာဖွေရာ ၎င်းနှင့်အတူ အောင်ကျော်အား တွေ့ရှိရပြီး အိပ်ခန်းကြမ်းပြင်ပေါ်ရှိ ပန်ကာ အတွင်းမှ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀၊ တူမီးသေနတ်တစ်လက်နှင့် တိုယိုတာ ကော်ရိုလာ မော်တော်ယာဉ်တစ်စင်း တို့အား သိမ်းဆည်းရမိသဖြင့် မောင်လော(၃၅)နှစ်နှင့် အောင် ကျော်(၄၆)နှစ်တို့နှစ်ဦးအား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ငွေကျပ် ၆၅ သိန်းကျော် ခိုးယူမှု လေးနာရီအတွင်း ဖမ်းဆီးရမိ

**အင်းတကော် စက်တင်ဘာ ၈**

ပဲခူးမြို့နယ် အင်းတကော်ရဲစခန်း အပိုင်တွင် စက်တင်ဘာ ၆ ရက် ည ၇ နာရီခန့်က ဒေါ်နုနုဝေ၏ နေအိမ် အပေါ်ထပ်ရှိ ဗီရိုမှန်တံခါးများ ပွင့်နေ သဖြင့် စစ်ဆေးကြည့်ရာ ဗီရိုအတွင်း ထားရှိသော ရွှေဆွဲကြိုး သုံးကုံး၊ ဆွဲပြား နှစ်ခု၊ ဟန်းချိန်း တစ်ခု၊ လက်စွပ်တစ်ကွင်းနှင့် ငွေစက္ကူရောရာ သိန်း ၂၀ ကျပ် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၆၅၆၇၅၀၀ ပျောက်ဆုံးသွားခဲ့ သဖြင့် အင်းတကော်ရဲစခန်းသို့ စုံစမ်း ဖော်ထုတ်ပေးပါရန် တိုင်တန်းသဖြင့် စခန်းမှူးရဲအုပ် ကျော်ထင်ဦး၊ နယ်ထိန်းခေါင်းဆောင် နေထွန်း အောင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ရာ လေး နာရီအတွင်း တရားခံ ဆန်းကိုကိုနှင့် ချစ်ကိုကို**(ဝဲပုံ)**တို့အား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး စခန်းက (ပ) ၁၅၀/၂၀၁၄ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**(ဝ၇၅)**

# မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သား/သမီးများအား ပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ မင်္ဂလာဒုံမြို့နယ် အတွင်းရှိ (၂၀၁၄-၂၀၁၅) ပညာသင် နှစ်အတွင်း ပညာသင်ကြားလျက် ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၏ သား/သမီးများအား ပညာ သင်ထောက်ပံ့ငွေများ ထပ်ဆင့် ပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဗိုလ်မှူးအောင်လှ(ငြိမ်း)က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဝင်များ၊ နယ်မြေခွဲအသီးသီးမှ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်း သား ကျောင်းသူများ၊ ဧည့်သည်တော် များ တက်ရောက်ကြပြီး မြို့နယ် အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၂၆၀ အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ (ဗဟို)မှ ထောက်ပံ့သည့်ငွေကျပ် ၃၈၃၀၀၀၀ အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၉)အရ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဒူကထောင်ရပ်ကွက် အမှတ်(၃၂၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ**သည် ယင်းပါတီ၏ တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီတံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား များဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားများ ဒီမိုကရေစီကွန်ဂရက်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်တွင် ဆေးခြောက် ၁ ဒသမ ၆၃၃ ကီလိုသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၈**

စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန်အရှေ့မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် ၁၀/၃၃ ရပ်ကွက် လှိုင်းဘွဲ့လမ်းနေမြင့်ဇော်၏ နေအိမ်အားရှာဖွေရာ ဆေးခြောက် ၁ ဒသမ ၆၃၃ ကီလိုသိမ်းဆည်းရမိ၍ မြင့်ဇော်(၅၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

Cho's Kitchen
ကြာဆံအထုပ်များထဲမှထပ်ဆင့်ကံစမ်းမဲအစီအစဉ်
"Favourite Foods Anywhere"

ဇွန်လအတွက်ပေါက်မဲစာရင်း

Samsung Tab 3 Lite — ရွှေဆွဲကြိုး — Samsung Galaxy Star Plus

ပထမဆု: ◆0403445 ◆0000001 ◆0605224 ◆0805978
ဒုတိယဆု: ◆0200044 ◆0806099 ◆0500118 ◆0100061 ◆0702250 ◆0400052 ◆0300061
တတိယဆု: ◆0100051 ◆0600036 ◆0200059 ◆0700003 ◆0300039 ◆0800027 ◆0400025 ◆0701331 ◆0500009 ◆0303039

ဇူလိုင်လအတွက်ပေါက်မဲစာရင်း

ပထမဆု: ◆0083198 ◆0102413 ◆0093992 ◆0142313
ဒုတိယဆု: ◆0075032 ◆0110440 ◆0024171 ◆0101444 ◆0134254
တတိယဆု: ◆0015995 ◆0153531 ◆0013922 ◆0134535 ◆0099383 ◆0145522 ◆0034399

ဩဂုတ်လအတွက်ပေါက်မဲစာရင်း

ပထမဆု: ◆0459166 ◆1177875
ဒုတိယဆု: ◆1054500 ◆1705373 ◆1877087
တတိယဆု: ◆1708643 ◆1791147 ◆1244234

အထက်ပါပေါက်မဲများကိုပေါက်မဲကူပွန်၊ မှတ်ပုံတင်တို့နှင့်တကွ (၃၀.၀၉.၁၄)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာတွင်လာရောက်ထုတ်ယူနိုင်ပါသည်။
အဆောင်(၃)၊ အခန်း(၅)၊ Myanmar ICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(၀၁) ၆၅၂၂၉၃၊ ၆၅၂၂၃၅၊ ၅၀၇၁၆၀

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေနံချောင်းမြို့နေ
(ဦးဇော်လွင်-မြို့နယ်ပညာရေးမှူး)+ဒေါ်မြင့်မြင့်သန်း(အထက်တန်းပြ-ငြိမ်း)
တို့၏ တစ်ဦးတည်းသောသား
ဗိုလ်ကြီးငြိမ်းဇော် B.E (Electronics) D.S.T.A
နှင့်
ရန်ကုန်မြို့ ၊ ကမ္ဘာအေးဗီလာအိမ်ရာနေ
ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း) + ဒေါ်တင်တင်ကြည် (ဥက္ကဋ္ဌ ၊ ခင်နန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးကုမ္ပဏီ) တို့၏ တစ်ဦးတည်းသောသမီး
မခင်ပြည့်ဖြိုး B.A (English) Y.U.F.L
မန်နေဂျင်းဒါရိုက်တာ ၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ
တို့ကို (၆-၉-၂၀၁၄)ရက်နေ့က Sedona Hotel မင်းတုန်းခန်းမတွင်
နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း
နှစ်ဖက်သောမိဘများ

ရွှေကြေးစည် မှ အင်းလေးပွဲ / ကျိုက္ခမီဆွမ်းမျှောပွဲ သို့
▲ အင်းတိန်၊ တောင်ကြီး၊ ပင်းတယ၊ ကံ့လုံ၊ ဓမ္မစေတီကက္ကူ၊ ထမ့်စမ်းဂူ ..........(၅)ရက်
ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနံ့ (သို့) ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ ..........(၇)ရက်
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ(၄)ရက်။ ဆက်၍- မန္တလေး၊ ပြင်ဦးလွင်အနံ့(၅)ရက်
▲ ကျိုက္ခမီ၊ စက်စဲ၊ မော်လမြိုင်၊ နွားလဗိုတောင်(၃)ရက်။ (ကျိုက်ထီးရိုး) Sep 27
ဆက်၍- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျောက်ရစ် ......... (၆)ရက် Oct 3,6,8
ဖုန်း:ဆိုးတန်း: 01-240860/372290 ဒေါ်ပံ09-49282825 ကမာကြည်အိမ်ရာ09421029191

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် / နှစ်ချုပ်
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [Dream World, Safari World, Koh Larn Island, Emerald Buddha, Byoke Sky Dinner, Tiger Zoo, Nong Noach Garden, Alcaza Show, Ayutthaya ] Oct: 4,11,18,25 / Nov: 1,8,15,22,29 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Oct: 4,18 / Nov: 1,15,29 / Dec: 13,27 (400,000)
ဥရောပ (10) နိုင်ငံ ဂျပန် +ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂယာ
ဩစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် ဖူးခက်/ ဘာလီ
အမေရိကား ဗီယက်နမ်+ကမ္ဘောဒီးယား ဒူဘိုင်း မော်လဒိုက် တောင်အာဖရိက
No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966. 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

အနုပညာ

# လက်ထပ်ပွဲဓာတ်ပုံများရောင်းရငွေကို ပရဟိတလုပ်ငန်းများသို့ လှူဒါန်းခဲ့သည့် ဘရက်ဒ်ပစ်နှင့် ဂျိုလီတို့စုံတွဲ

ဟောလိဝုဒ်ငွေကြယ်ပွင့်စုံတွဲဖြစ်သည့် ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့၏ ပြင်သစ်နိုင်ငံ ဩဂုတ်လကုန်ပိုင်းက ကျင်းပခဲ့သည့် မင်္ဂလာလက်ထပ်ပွဲဓာတ်ပုံများကို People နှင့် Hello မဂ္ဂဇင်းများတွင် ပုံနှိပ်အသုံးပြုရန် တစ်ပုံလျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းစီဖြင့် ရောင်းချခဲ့ပြီး ရရှိငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ငါးသန်းနှင့် အခြားဓာတ်ပုံရောင်းရငွေများကို ပရဟိတလုပ်ငန်းများသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် အဆိုပါစုံတွဲအနေဖြင့် မိသားစုဘဝ ပိုမိုပြီးပြည့်စုံစေရန် နောက်ထပ်ရင်သွေးရတနာတစ်ဦးကို ထပ်မံမွေးလင့်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး "မင်္ဂလာပွဲနေ့ဟာ ရယ်မောသံတွေနဲ့ပြည့်နှက်နေတဲ့ ကျွန်တော်တို့မိသားစုဘဝအတွက် အရေးကြီးတဲ့နေ့တစ်နေ့ပါပဲ"ဟု မင်းသား ဘရက်ဒ်ပစ်က People နှင့် Hello မဂ္ဂဇင်းများသို့ ပြောကြားခဲ့သည်။

ဂျိုလီတို့စုံတွဲသည် ယခုလက်ရှိတွင် မာတာနိုင်ငံ၌ By the Sea အချစ်ဇာတ်လမ်းအသားမပေးထားသည့် ဒရာမာဇာတ်ကားကိုရိုက်ကူးလျက်ရှိပြီး ယင်းဇာတ်ကားကို ဂျိုလီကိုယ်တိုင်ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာအဖြစ်လည်း ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ရာ "ဒီခရီးစဉ်ဟာ ကျွန်မတို့ရဲ့ ဟန်းနီးမွန်းခရီးစဉ်ပဲဖြစ်ပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။



# တောင်ပေါ်ဒေသမှ မြတ်သောအလှူဒါန

**နေပြည်တော် စက်တင်ဘာ ၈**

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ကျေးလက်နေ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုဆိုင်ရာအခွင့်အလမ်းများ တိုးတက်ရရှိစေရန် ရည်သန်လျက် ပညာရေးဆိုင်ရာလိုအပ်ချက်များဖြစ်သည့် စာရေးကိရိယာနှင့် အာဟာရများအား ပညာဒါနအဖြစ် ထောက်ပံ့လှူဒါန်းပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဂမုန်းတောင်ကျေးရွာ အလကခွဲကျောင်း၌ စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

မိုးရာသီအခါသမယတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်သွားလာမှုဆိုင်ရာ ကဏ္ဍများအတွက် ခက်ခဲမှုရှိသော တောင်ပေါ်ဒေသ ကျေးလက်နေတိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ရင်သွေးငယ် ကျောင်းသားကျောင်းသူများအတွက် ဇေယျာသီရိမြို့နယ် အောင်သပြေကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓဦးဆောင်သော နယ်စပ်ဒေသတိုင်းရင်းသားများ ဖွံ့ဖြိုးရေးပရဟိတဆရာတော်များ၊ ပါဝင်သည့်အဖွဲ့သည် တောင်ပေါ်ကျေးလက်ဒေသတစ်ခုဖြစ်သော နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဂမုန်းတောင်ကျေးရွာ အလကခွဲမှ ကျောင်းသား ကျောင်းသူ ၁၄၁ ဦးတို့အတွက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကွန်ပါဘူး၊ အာဟာရမုန့် များနှင့် သံဓာတ်အားဆေးများ၊ ဆရာ ဆရာမများအတွက် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ရာ ဂမုန်း တောင် အလကခွဲမှ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြကြွယ်နှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

မဲပေါက်ကျေးရွာအုပ်စု ဂမုန်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ယခုကဲ့သို့ ဂမုန်းတောင်ရွာ၊ မြေမြို့ရွာတို့တွင် တက်ရောက်ပညာသင်ကြားနေကြသော ကလေးငယ်များအတွက် မိုးရာသီကာလ လမ်းပန်းဆက်သွယ်မှု ခက်ခဲနေချိန်အတွင်း ပညာဒါနအဖြစ် ကျောင်းသုံး စာရေးကိရိယာများ လာရောက်ထောက်ပံ့ပေးမှုအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ အပင်ပန်းခံလာရောက် လှူဒါန်းကြသည့်အတွက် အတိုင်းမသိဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့သည်။ **(သတင်း-ကိုကိုနေ၊ ဓာတ်ပုံ-ရာမည)**

# စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ်တွင် မြင်တွေ့ရမည့် ဂျက်စီကာချက်စတိန်း

အမေရိကန်မင်းသမီးချော ဂျက်စီကာချက်စတိန်းအား စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ် The Martian တွင် ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

Zero Dark Thirty ဇာတ်ကားမှ မင်းသမီးချော ဂျက်စီကာအား ယင်းဇာတ်ကားတွင် မင်းသား မက်ဒမ်မွန်နှင့်အတူ မြင်တွေ့ရမည်ဖြစ်ပြီး ယင်းဇာတ်ကားကို ပုံဖော်မည့် ဒါရိုက်တာမှာ ရစ်ဒလီစကော့ဖြစ်သည်။

အဆိုပါ ဇာတ်ကားသစ်သည် အင်္ဂါဂြိုဟ်ပေါ်တွင် အသက်ရှင်ကျန်ရစ်ခဲ့သည့် အာကာသယာဉ်မှူးတစ်ဦးကို အိမ်သို့ပြန်လည်ခေါ်ဆောင်လာပုံကို အသက်သွင်းပုံဖော်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ဆက်လက်ပြီး မင်းသမီး ဂျက်စီကာအား ယခုနှစ်ကုန်ပိုင်းတွင် နယူးယောက်မြို့၏ချောက်ချားဖွယ်ရာ အကောင်းဆုံးအချိန်တစ်ခုအကြောင်းပုံဖော်ထားသည့် A Most Violent Year ဇာတ်ကားတွင် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။



မျိုးစန္ဒာမောင် - စုစည်းသည်

Kearns International, LLC
SKO Myanmar
SKO Construction
FOOD & BEVERAGE FACTORY
TURNKEY CONTRACTOR
We offer a broad range of services -
• 2 and 3 Pieces Can Manufacturing Lines
• General Contractor in multiple countries
• Turnkey Facilitation, Global Services
• System and machinery upgrades
• End Manufacturing Lines (for cans)
• Can filling, processing and packaging
• Food & Beverage production specialist
• Power generation
• Waste Water Treatment Systems
Thank You
to the organizers, ministries, vendors, potential customers and distinguished guests that stopped by our booth at the recent ProPak Myanmar 2014 Expo who helped make our exhibition a true success!

Project Management, Construction, Engineering, Consulting
USA, CHINA, THAILAND, HONG KONG & MYANMAR
SKO Myanmar - Local Partner:
+95 9 518 3777, +95 9 43110001
www.skomyanmar.com
www.kearnsinternational.com

# အထူးဝမ်းမြောက်ဂုဏ်ပြုခြင်း



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စတုတ္ထအကြိမ် ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ငြိမ်းချမ်းရေးဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် ချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့အား လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

အားကစားဝန်ကြီးဌာန

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ

# ဂန့်ဂေါ–ကလေးလမ်းမပေါ်ရှိ တံတားနှစ်စင်းအား သံကူကွန်ကရစ်တံတားအဖြစ် ထပ်မံတည်ဆောက်

**ကလေး၊ စက်တင်ဘာ ၈**

ကလေးမြို့နယ် ဂန့်ဂေါ-ကလေးလမ်းမပေါ်ရှိ တံတားနှစ်စင်းအား ဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေမှ တံတားတစ်စင်းလျှင် ကျပ်သန်းပေါင်း ၁၅၀ သန်းစီဖြင့် စုစုပေါင်း ကျပ်သန်းပေါင်း ၃၀၀ အကုန်ကျခံကာ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ အဆိုပါတံတားနှစ်စင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် အပြီးတည်ဆောက်မည်ဖြစ်သည်။



ယင်းတံတားများကိုသတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းနှင့်အညီ ပြီးစီးနိုင်ရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက စက်တင်ဘာ ၃ ရက်တွင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်သည့် ဂန့်ဂေါ-ကလေးလမ်းမပေါ်ရှိ မိုင်တိုင် ၇၄/၇ နှင့် ၇၅/၀ မိုင်အကြားရှိ တံတားအမှတ် ၆/၇၅ ထောက်ကြန့် တံတားသည် အရှည် ၆၀ ပေ၊ အကျယ် ၂၄ ပေဖြင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား အုတ်မြစ်အမျိုးအစား Bored Pile ကို အုတ်ကမ်းကပ်ခုံဖြင့် တည်ဆောက်လျက် ရှိသည်။

ထို့အပြင် မိုင်တိုင် ၇၇/၇ နှင့် ၇၈/၀ မိုင်အကြားရှိ နည်းပညာတက္ကသိုလ် အဝင်တံတားသည် အရှည် ပေ ၆၀၊ အကျယ် ၂၄ ပေဖြင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား အုတ်မြစ်အမျိုးအစား Spun Pipe ကို အုတ်ကမ်းကပ်ခုံဖြင့် တည်ဆောက်လျက်ရှိသည်။

**ဂျိုးနက်**

# ဘုတ်ပြင်းမြို့တွင် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်း

**ဘုတ်ပြင်း၊ စက်တင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုတတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းများ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထပ်ဆင့်ရှင်းလင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချိုက နေပြည်တော်တွင်တက်ရောက်ခဲ့သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု Third Wave လုပ်ငန်းများတွင် ဝန်ထမ်းများ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဎင်းအပြင် ပြည်သူများ၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရာတွင် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှု၊ စေတနာထားဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မှန်ကန်သည့်သတင်းအချက်အလက်များ ပြည်သူများအား အချိန်မီသိရှိနိုင်ရေး ပြန်ကြားဆောင်ရွက်ပေးရန်၊ ဌာန၏ အဓိကလုပ်ငန်းဖြစ်သည့် ပြည်သူ့စာကြည့်တိုက်လုပ်ငန်းဖြင့် ပြည်သူဗဟိုပြုအကျိုးပြုရေး တိုးမြှင့်ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ ကော့သောင်းခရိုင်အတွင်းရှိ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ကရသူရိမြို့နယ်ခွဲများမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

# ကသာမြို့နယ်သို့ ကမ္ဘာလှည့်ခရီးသည်များလာရောက် ရှေးဟောင်းလက်ရာများအား လေ့လာ

**ကသာ၊ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တည်ရှိပြီး ဧရာဝတီမြစ်ကမ်းဘေးမြို့တစ်မြို့ဖြစ်သည့် ကသာမြို့သို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ယခင်နှစ်များကထက် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

ယင်းသို့လာရောက်ရာတွင် မီးရထားလမ်းကြောင်း၊ ရေကြောင်းလမ်းတို့မှ တစ်ဆင့် လာရောက်လေ့လာခြင်းက ပိုမိုများပြားကြောင်း သိရသည်။

ကသာမြို့သို့ လာရောက်လည်ပတ် ကြည့်ရှုလေ့လာကြသော ကမ္ဘာလှည့်ခရီးသည်များမှာ ကသာမြို့တွင်းသို့ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်း စသည်တို့ဖြင့် စီးနင်းလှည့်လည် လေ့လာရသည်ကို နှစ်သက်ကြသည်။ ကသာမြို့ပေါ်ရှိ ဗြိတိသျှအစိုးရလက်ထက်မှ ယနေ့ထိ ကျန်ရှိနေသေးသော ဗိုလ်အိမ်ကြီးများ၊ အင်္ဂလိပ်ခေတ်မှ တင်းနစ်ကလပ်၊ ကသာအကျဉ်းထောင် စသည်တို့ကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် အင်္ဂလိပ်ခေတ်ကဖောက်လုပ်ခဲ့သော ကသာ-နဘား မီးရထားလမ်း၊ ဖက်ဆွတ်သစ်တောကြိုးဝိုင်းနှင့် ဆင်စခန်းတို့ကိုလည်း သွားရောက်လေ့လာကြသည်ကို တွေ့ရှိရသည်။

ကသာမြို့သို့ လာရောက်လေ့လာကြသော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များသည် ဧရာဝတီမြစ်ကြောင်းလမ်းမှ အများဆုံး လာရောက်ကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

# ရေဝါချောင်း ရေတိုက်စားမှုမှ ကာကွယ်ရန် ရေကာတာဆောက်လုပ်

**ကနီ၊ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်တွင် ဩဂုတ်လနောက်ဆုံးပတ်၌ မိုးများရွာသွန်းခဲ့မှုကြောင့် ရေဝါချောင်းရေကျဆင်းကာ ကနီမြို့ အမှတ်(၁)ရပ်ကွက် သီတာဦးရပ် ချောင်းကမ်းဘေးမှ နေအိမ်များအထိ ရေများတက်ခဲ့သည်။

ယင်းအခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများက ကွင်းဆင်းကြည့်ရှုပြီး ပြည်သူများ၏ထည့်ဝင်ငွေဖြင့် ကိုယ့်အားကိုယ်ကိုး ရေကာတာဆောက်လုပ်ခြင်းကို စက်တင်ဘာ ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ရေကာတာဆောက်လုပ်ခြင်းကို မြို့ပေါ်ရှိရပ်ကွက်များမှ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လုပ်အားများဖြင့် စုပေါင်း၍ ဆောင်ရွက်ခဲ့ရာ အမြင့် ၄ ပေ၊ အကျယ် ၃ ပေ၊ အရှည်ပေ ၃၂၀ ရှိ ရေကာတာကိုဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့် နေရာများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# ကော့သောင်းမြို့တွင် ပြည်သူ့မဟာဗျူဟာဖော်ဆောင်ရေးဆင့်ပွားသင်တန်း ဖွင့်

**ကော့သောင်း၊ စက်တင်ဘာ ၈**

ကော့သောင်းမြို့နယ် ပြည်သူ့မဟာဗျူဟာ ဖော်ဆောင်ရေး ဆင့်ပွားသင်တန်း အမှတ်စဉ် (၄/၂၀၁၄) ဖွင့်လှစ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကော့သောင်းခရိုင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှအေး တက်ရောက်သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ ပြည်သူ့မဟာဗျူဟာ ဖော်ဆောင်ရေးဆင့်ပွားသင်တန်းသို့ ကော့သောင်းမြို့နယ် ရပ်ကွက်၊ကျေးရွာများမှသင်တန်းသား ၇၀ တက်ရောက်ပြီး ကော်မတီဝင်၊ ခရိုင်ပါတီအတွင်းရေးမှူးနှင့် သင်တန်းနည်းပြများကရက်တိုသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

MCC Training Institute
Microsoft Partner Gold Learning
" ပညာသင်ရင်း အလုပ်ခွင်ဝင် ဘွဲ့ရတာနဲ့ အလုပ်ပါရ "
အင်္ဂလန်နိုင်ငံမှချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့
B.Sc (Hons) Business IT
University of Greenwich (UK)
Microsoft Skills Certification Exam
(MCSA, MCSD, MCSE)
များကို ဖြေဆိုနိုင်ရန်
MCC.i တွင် သင်ကြားပေးမည်ဖြစ်ပါသည်။
Microsoft Office Specialist | Microsoft Office Expert | Microsoft Office Master
Hot Line - 246634, 2304156
- Opening Date: 22 Sep 2014 -

English 4 -Skill ကျွမ်းကျင်
Assistant Tour Operator
မ (၁) ဦး အလိုရှိသည်။
YTT Tourism Co.,Ltd.
yttinternational@gmail.com
ph-09-73098558,
09-73196146

ပျောက်ဆုံးကြောင်း
ကျွန်မ နော်ဖဲထူး[၇/ထတပ(နိုင်)၀၆၆၉၈၃]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
Ph:09-31035184
09-31269082

ဖြေတွက်ဝယ်လိုသည်
ဒင်္ဂါးပြားသစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

# အသိပွားကာသတိထား မောင်းနှင်ဖို့လိုပါသည်



ဆောက်လုပ်ရေး အင်ဂျင်နီယာ တစ်ဦး၏ သုံးသပ်တင်ပြချက်အရ လက်ရှိကာလတွင် အမြန်လမ်းမကြီးကို ကမ္ဘာပေါ်ရှိ အမြန်လမ်းများနှင့် နှိုင်းယှဉ်သမျှ အန္တရာယ်ဖြစ်နိုင်ခြေ ၁၃ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။

အမြန်လမ်းမကြီးပေါ် ကားမောင်းပါက တစ်နာရီလျှင်ကီလိုမီတာ၁၀၀ အောက်ဖြည်းဖြည်းမှန်မှန်မောင်းနှင်သင့်သည်။ အမြန်လမ်းမကြီးပေါ် မောင်းနှင်နေသောကားများကြုံတွေ့ရသည့် အဓိကပြဿနာမှာ ကားတာယာပွင့်ခြင်းပင်ဖြစ်သည်။ ကားတာယာပွင့်စေသည့်အကြောင်းကို တင်စားပြောဆိုသမျှအမြန်လမ်းမကြီးမှာအပူချိန်စုပ်ယူမှုနည်းသောကွန်ကရစ်လမ်းဖြစ်နေသောကြောင့်ပင်ဖြစ်သည်။အနက်ရောင်ကတ္တရာလမ်းသည် အပူကိုစုပ်ယူမှုအားကောင်းသည်။

ကွန်ကရစ်လမ်းသည်အပူစုပ်ယူမှု အားနည်းသည်။ကားမောင်းမှုတွင် ကားဘီးအတွင်းလေကို ဖိအားဖြင့်သွင်းခြင်း၊ ဘီးလည်ပတ်မှုကြောင့် ပွတ်တိုက်ကာအပူဖြစ်ပေါ်ခြင်း၊ အပူချိန်မြင့်တက်ခြင်းတို့ဖြစ်ပေါ်လေ့ရှိသည်။ထိုအပူကို အရောင်၏နိယာမဖြင့်စွဲစုပ်နိုင်စေရန် တစ်ကမ္ဘာလုံးရှိ ကားလမ်းများကို အနက်ရောင် ကတ္တရာလမ်းခင်းကာ တာယာကိုလည်းအနက်ရောင်ပြုလုပ်ကာ အပူချိန်ကိုလျှော့ချခြင်း တာယာကိုကတ္တရာဖြင့်ကပ်စေကာစီမံထားကြသည်။

တိုးတက်လာသောခေတ်မှာ နည်းပညာတွေ တိုးတက်လာပါပြီ။ မြန်မာ ဆောက်လုပ်ရေး ပညာရှင်များစွာ ထွက်ပေါ်လာပြီး လမ်းတံတားတွေကို ကိုယ်တိုင် တည်ဆောက်နိုင်ကြပေသည်။ နိုင်ငံတော်မှလည်း လမ်းများအသုံးပြုမှု အန္တရာယ်ကင်းရေးအတွက် အမြန်လမ်းမကြီးတွင်(Guard Rails)များ တပ်ဆင်ပေးခြင်းတို့ပြုလုပ်ထားပေးပေသည်။ ထိုလမ်းမကြီးအန္တရာယ်ကင်းစွာမောင်းနှင်နိုင်ရေးအတွက် ပြုလုပ်ရန်တစ်ခုသာလျှင်ရှိပေသည်။ ထိုအရာမှာ လမ်းမကြီးအား နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းသာလျှင်ဖြစ်ပေသည်။မည်သို့ပင်ဖြစ်စေ တစ်နေ့တစ်ရက် တစ်ခဏနှင့် လုပ်ဆောင်၍မရသော လမ်းဖောက်ခြင်းလုပ်ငန်းတွင် အမြန်လမ်းမကြီးပေါ်ပေါက်လာခြင်းသည် တိုင်းပြည်အတွက်အကျိုးများစွာဖြစ်ပေါ်လာခဲ့သည်။

နိုင်ငံတော်အစိုးရမှလည်း လမ်းအန္တရာယ်ကင်းရှင်းရေး၊ ကယ်ဆယ်ရေးကူညီရေးအတွက်အမြန်လမ်းရဲစခန်း(၁၅)ခုဖွင့်လှစ်ထားသည်။ထို့အတူပင်မတော်တဆမှုများဖြစ်လာပါကအရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် ရှေ့ဦးသူနာပြုစုနည်းသင်တန်းများ ပေးလျက်ရှိသည်။ ၂၀၀၉ခုနှစ်မှ၂၀၁၃ခုနှစ်အတွင်းယဉ်မတော်တဆမှု ၆၃၁မှုတွင် သေဆုံးသူ ၃၃၁ဦး၊ ဒဏ်ရာရသူပေါင်း ၁၃၆၇ ဦးရှိနေပေသည်။ သို့အတွက်ပြည်သူများမှ အသိပွားကာ သတိထားမောင်းနှင်ခြင်းဖြင့် ဘေးကင်းလုံခြုံအောင်ဆောင်ရွက်သင့်လှပါပေသည်။ **(တိမ်တမန်)**




## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်လုပ်ငန်း ငွေပို့ခနှုန်းများ လျှော့ချသုံးစွဲသူများလာ

**မန္တလေး စက်တင်ဘာ ၈**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်လုပ်ငန်းက ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ငွေပို့ငွေလွှဲဝန်ဆောင်မှုပေးသော ရိုးရိုးငွေပို့လွှာလုပ်ငန်း စာတိုက်ရုံးပေါင်း ၇၈၂ ရုံး၊ မြန်မာငွေပို့လွှာလုပ်ငန်း စာတိုက်ရုံးပေါင်း ၃၀၉ ရုံးတွင်ငွေပို့ခနှုန်းထားများကို ယခင်ကျပ် ၁၀၀ လျှင် ပို့ခငါးကျပ်ကောက်ခံလျက်ရှိရာမှ သုံးစွဲသူများ သက်သာစွာငွေပို့ငွေလွှဲ လုပ်ကိုင်နိုင်ရန် စက်တင်ဘာ ၁ ရက်မှစ၍ လျှော့ချဝန်ဆောင်ခဲ့ပြီး မြန်မာငွေပို့လွှာအတွင်း ဖက်စ်အသုံးပြုခ ငွေပို့လွှာတစ်စောင် ကျပ် ၂၀၀ နှုန်း ပြောင်းလဲကောက်ခံသဖြင့် နယ်ဝေးမှ ကျောင်းသားကျောင်းသူများထံ ငွေပို့မှုများ၊ ဌာနဆိုင်ရာများမှ ငွေလွှဲပို့မှုသုံးစွဲမှုများ များပြားလာကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**



**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြို့နယ်လုံးဆိုင်ရာ ဖောင်တော်ဦး ရှင်ပင်ရေပေါ်ဆုတောင်းပြည့် သုံးဆူသောဘုရားများ၏ (၁၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို စက်တင်ဘာ ၇ ရက်၊၁၃၇၆ ခုနှစ် တော်သလင်းလဆန်း (၁၂)ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါဒေသစာရီလှည့်လည်ရာသို့ ဒေသခံများစွာလိုက်ပါ၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်းသိရသည်။ ဖောင်တော်ဦး ရှင်ပင်ရေပေါ်ဆုတောင်းပြည့် သုံးဆူသောဘုရားများ၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များ၊ သံချပ်အဖွဲ့၊ တေးသရုပ်ဖော်အဖွဲ့များ၊ ယိမ်းအဖွဲ့များဖြင့် အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။**

သတင်းနှင့်ဓာတ်ပုံ - ဇော်မင်းနိုင် (မြင်းခြံ)

## ဝါးခယ်မတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာဟောပြော

**ဝါးခယ်မ၊ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသော စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာအုပ်စု၊ အ. ထ. က ကျောင်းအစည်းအဝေးခန်းမတွင် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးစောမိုက်ကယ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာ ပြည့်ဖြိုးက အန္တရာယ်ကင်းအစားအသောက်ဆိုင်ရာ ကိစ္စရပ်များ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်မင်းက စားသုံးသူရေးရာ ဥပဒေကိစ္စရပ်များနှင့် ပတ်သက်ပြီး ဟောပြောခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

လိုနေသူကို ပေးမကူဖို့ ဝိ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS အထူး လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Sept 13 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်
ENGLISH 4 SKILLS သင်ရိုးများအတွက် DISTANCE LEARNING အဝေးသင် စတင်လက်ခံပြီ။ မှတ်စု၊ စာအုပ်၊ CD, DVD ပြည့်စုံစွာဖြင့် အလုပ်အကိုင်မပျက် LEVEL 1,2,3 လေ့လာပြီး Dip ESL(USA) ရယူနိုင်ပြီ။
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေး၍ အမြန်ဆုံး တက်မြောက်စေသည်။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-6G-9014၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၂၄၂/ဂ၊ မြေကွက်တည်နေရာအမှတ်-(၂၄၂/ဂ)၊ ခေမာသီလမ်း၊ ဒေါ်ညို[၁၂/ဥကမ(နိုင်)၁၃၂၅၇၃] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ညို၊ ဖခင်ဦးတင်ရွှေ ကွယ်လွန်သဖြင့် ဦးမြင့်သန်း[၁၂/မရက(နိုင်)၁၀၀၂၃၃]၊ ဦးဝင်းမြင့်[၁၂/ဥကမ(နိုင်)၁၄၉၁၄၄]၊ ဦးဝင်းတင့်[၁၂/ဥကမ(နိုင်)၀၅၇၄၁၅]၊ ဒေါ်သင်းသင်းလှိုင်[၁၂/ဥကမ(နိုင်)၁၃၂၈၉၄]၊ ဒေါ်ခင်ငြိမ်းငြိမ်း [၁၂/ဥကမ(နိုင်)၀၀၀၉၆၅] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၅၆၅/၁၄) (၂၉-၅-၂၀၁၄)ဖြင့် ရရှိသူ ဦးမြင့်သန်းမှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁(အနော်မာ)၊ မြေကွက်အမှတ်-၂၃၅(က)၊ မြေကွက်တည်နေရာအမှတ်-၂၃၅(က)၊ အနော်မာ-၆လမ်း၊ ၁-ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရွှေ(မိခင်)နှင့် ဦးမောင်လေး(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးလှညွန့်(CI-၀၅၅၈၄၉)၊ ၂။ဦးကြည်စိန်[၁၂/ဒပန(နိုင်)၀၀၅၉၈၄] ၃။ဦးကြည်သန်း(TKA-၀၀၂၀၆၄)၊ ၄။ဒေါ်အုံးငွေ[၁၂/သကတ(နိုင်)၁၁၉၇၂၈]၊ (၅)ဦးတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၉၀၃/ ၂၀၁၄)နှင့် (၉၁၈၇/၂၀၁၄)ရရှိသူ ဦးတင်မောင်[၁၂/သကတ(နိုင်)၁၁၈၇၀၆]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# လုပ်ငန်းရှင်များအား ကျွမ်းကျင်မှုသင်တန်းပေးရန် ဗြိတိသျှကောင်စီမှ မော်လမြိုင်သို့လာရောက်ဆွေးနွေး

**မော်လမြိုင်၊ စက်တင်ဘာ ၈**

မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းရှင်များအား ကျွမ်းကျင်မှုသင်တန်း ပို့ချနိုင်ရေးအတွက် ဗြိတိသျှကောင်စီမှ Ms.Tina Sing Shacha နှင့်အဖွဲ့သည် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ဈေးကြိုရပ်ရှိ ကုန်စည်ဒိုင်ခန်းမသို့ ရောက်ရှိလာပြီး စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအဖွဲ့နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဗြိတိသျှကောင်စီသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ပြဿနာများကို ပြေလည်ရန်နှင့် လူ့အဖွဲ့အစည်းများ တိုးတက်ကောင်းမွန်စေရန် စီးပွားစီမံပညာရပ်များကို အသုံးပြုကာ ဖြေရှင်းပေးပြီး စီးပွားရေးဆိုင်ရာနည်းလမ်းများနှင့် ပုဂ္ဂလိကကဏ္ဍ၏ ကုန်သွယ်ရေးနည်းလမ်းများကို ပုဂ္ဂလိကနှင့် ပရဟိတ၏ ဝန်ဆောင်မှုတန်ဖိုးများနှင့် ပူးပေါင်းပုံဖော်ပြီး လူမှုစီးပွားရေးလုပ်ငန်းရှင်များ၊ NGO စွမ်းဆောင်ရှင်များနှင့် လူ့အဖွဲ့အစည်း ခေါင်းဆောင်များကို ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် ယူကေပညာရှင်များနှင့် ပေါင်းကူးပေးခြင်းတို့ကို ဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။

ဗြိတိသျှကောင်စီအနေဖြင့် သင်တန်းများကို ယခုနှစ်တွင် မန္တလေး၊ မုံရွာ၊ တောင်ကြီးနှင့် မော်လမြိုင်တို့ကို ရွေးချယ်ထားကာ မော်လမြိုင်တွင် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး သင်တန်းတွင် ဘတ်ဂျက်ရေးဆွဲနည်း၊ စာရင်းထိန်းသိမ်းနည်း၊ အရှုံးအမြတ်စာရင်းဖော်ထုတ်နည်း စသည့်ငွေစာရင်းဆိုင်ရာများကို အခမဲ့ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# ဆီမီးခုံကျေးရွာမှ ရှေးဟောင်းတံတားအား ယခုတိုင် ထိန်းသိမ်းထား

**မြင်းခြံ၊ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၏ မြောက်ဘက် ဆီမီးခုံကျေးရွာတွင် အရှေ့ရွာနှင့် အနောက်ရွာတို့ ရေကြီးချိန်နှင့် ရေပြန်ကျချိန်များတွင် လွယ်ကူစွာသွားလာနိုင်ရန် တံတားတစ်စင်းရှိပြီး ယင်းတံတားအား ဆီမီးခုံရွာမှ ယခုတိုင် ထိန်းသိမ်းထားဆဲဖြစ်သည်။



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၏မြောက်ဘက် ဆီမီးခုံကျေးရွာသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော တိုက်နယ်ကျေးရွာကြီး ဖြစ်သည်။ ထိုဆီမီးခုံတိုက်နယ်ကျေးရွာသည် ရှေးမြန်မာမင်းများလက်ထက်ကပင် တည်ရှိခဲ့သော ကျေးရွာကြီးဖြစ်သည်နှင့်အညီ ရှေးဟောင်းလက်ရာ အဆောက်အအုံများလည်း ရှိကြသည် ။

ဆီမီးခုံကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်တွင် ကပ်လျက်တည်ရှိသဖြင့် မြစ်ရေကြီးချိန်များတွင် ရွာတွင်းသို့ အလယ်ရိုးချောင်းအတိုင်း ရေများဝင်ရောက်မှုကြောင့် အရှေ့ရွာနှင့် အနောက်ရွာဟူ၍ နှစ်ရွာဖြစ်သွားသည်။

ယင်းတံတားအကြောင်းနှင့် ပတ်သက်ပြီး ဒေသခံရွာသားကြီး ဆရာကြီး ဦးသန်း (ရပ်မိရပ်ဖ)က ထိုတံတားသည် ပုဂံမင်းလက်ထက်ကပင် ဆောက်လုပ်ခဲ့သော တံတားဖြစ်ပြီး တိုင်ပေါင်း ၁၆၆ တိုင်ရှိကြောင်း၊ ၎င်းတံတားသည် ဒုတိယ ဦးပိန်တံတားဟုပင် ခေါ်ဆိုကြကြောင်း သိရသည်။

တံတားတိုင်ထိပ်များတွင် ရေများဝင်ရောက်ခြင်းမှ ကာကွယ်ရန် ထိပ်အုပ်များအဖြစ် ကျောက်တုံးအခြမ်းများကို ထားရှိခဲ့ရာ ယခုအချိန်ထိရှိကြောင်း၊ ၎င်းကျောက်တုံးများ ပြုတ်မကျစေရန် ယခုအခါ စည်ပတ်သံပြားများဖြင့် ထိန်းထားကြောင်း၊ တံတားကြီးသည် ပေ ၅၀၀ ခန့် ရှည်လျားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လယ်ယာသုံးစက်ကိရိယာပစ္စည်းများသရုပ်ပြပွဲကျင်းပ

**မုံရွာ၊ စက်တင်ဘာ ၈**

လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို လယ်ကွင်းထဲတွင် လက်တွေ့သရုပ်ပြပေးခြင်းအားဖြင့် တိုင်းဒေသကြီးအတွင်း အမှန်တကယ်စက်အသုံးပြုလိုသော တောင်သူတွေ အချင်းချင်းတွေ့ဆုံပြီး အတွေ့အကြုံဖလှယ်ခွင့်ရပြီး လယ်ယာသုံးစက်ကိရိယာထုတ် ကုမ္ပဏီတာဝန်ရှိသူများနှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းခွင့်နှင့် တိုက်ရိုက်ဝယ်ယူခွင့်ရရှိသောကြောင့် တောင်သူများအနေဖြင့် အကျိုးကျေးဇူးများသော သရုပ်ပြရှင်းလင်းပွဲဖြစ်ကြောင်း ဘုတလင်မြို့နယ်တောင်သူတစ်ဦးက စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မုံရွာမြို့နယ်၊ ဇလုပ်ကျေးရွာတွင်ပြုလုပ်သော ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ သရုပ်ပြရှင်းလင်းပွဲတွင် ပြောသည်။

သရုပ်ပြရှင်းလင်းပွဲတွင် ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံး စက်ကိရိယာ ကိုးမျိုးကိုပြသ၍ လက်တွေ့ထွန်ယက်ပြသရာ တက်ရောက်လာသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၅ မြို့နယ်မှ တောင်သူလယ်သမားကြီး ၇၀၀ ကျော်က အရစ်ကျစနစ်ဖြင့် ဝယ်ယူရန် သမဝါယမဦးစီးဌာနသို့ စာရင်းများပေးသွင်းခဲ့ကြောင်းသိရသည်။

"လယ်ယာသုံးစက်ကိရိယာ ၉ မျိုးထဲက DT-10-DE လက်တွန်းထွန်စက်ကို စတင်ဝယ်ယူချိန်မှာ ၁၅ ရာခိုင်နှုန်း Down Payment ပေးပြီး ခြောက်လတစ်ကြိမ် အရင်းနဲ့အတိုးကို နှစ်နှစ်အတွင်း အကျေပေးဆပ်ရမယ့် စနစ်နဲ့ ရောင်းချပေးမှာပါ။ ဈေးနှုန်းကတော့ ၃၉၈၉၉၀၀ ကျပ်ဖြစ်ပါတယ်" ဟု ကုမ္ပဏီတာဝန်ခံက ရှင်းပြသည်။

ကုမ္ပဏီမှထုတ်လုပ်သော ထွန်စက်လေးမျိုးကို စတင်ဝယ်ယူချိန်တွင် ၁၅ ရာခိုင်နှုန်း Down Payment ခြောက်လတစ်ကြိမ် အရင်းနှင့်အတိုး ပေးဆပ်ရသည့်စနစ်ဖြင့် တောင်သူများ ပေးဆပ်နိုင်သည့်ဆန္ဒနှင့်အညီ နှစ်နှစ်မှ ငါးနှစ်အတွင်း အကျေပေးဆပ်စနစ်ဖြင့် ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထွန်စက်နှစ်မျိုးနှင့် ရိတ်သိမ်းခြွေလှေ့စက် နှစ်မျိုးကို စတင်ဝယ်ယူချိန်တွင် ၁၅ ရာခိုင်နှုန်း Down Payment ပေးပြီး ခြောက်လတစ်ကြိမ် အရင်းနှင့်အတိုး ပေးဆပ်သည့်စနစ်ဖြင့် တောင်သူများ၏ ပေးဆပ်နိုင်သည့် ဆန္ဒအပေါ် မူတည်၍ နှစ်နှစ်မှ ခြောက်နှစ်အတွင်း အကျေပေးဆပ်ရသောစနစ်ဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**မင်းကင်း၊ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်အတွင်းရှိ တောင်တွင်းဒေသ ၁၁ ရွာတွင် မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ အခမဲ့ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တိုက်နယ်မှူး ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများက လူဦးရေ ၃၆၄ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# မိုးပွင့်အဆင့်(၆)စီမံကိန်းကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင်၊ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများသည် မိုးပွင့်စီမံကိန်းအဆင့်(၆) နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၇ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၆၉၂)**

**ဝန်ထမ်းအလိုရှိသည်။**

| | | |
|---|---|---|
| - A.G.T.I, B-Tech, B.E | : ကျား/မ (၅) ဦး | ဆက်သွယ်ရန် |
| - Receptionist | : မ (၅) ဦး | – ၀၉ ၇၃၀၄၃၆၈၁၊ |
| - Helper | : ကျား (၅) ဦး | – ၀၉ ၄၂၀၀၇၄၂၆၆ |

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ**
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၅၉**
**ကွယ်လွန်သူဦးစိုးမင်း၏ကျန်ရစ်သောပစ္စည်းများအကြောင်း**

ဒေါ်ဇင်မာဝင်း လျှောက်ထားသူ
လိုင်းအမှတ်(၆)၊ အခန်းအမှတ်(၈)၊ မိသားစုရိပ်သာ၊
ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ဇင်မာဝင်းက ကွယ်လွန်သူဦးစိုးမင်း၏တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးစိုးမင်းမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိုးမင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်(၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူဒေါ်ဇင်မာဝင်း၏လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၄ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။ (ခင်သစ်ဆွေ) ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ယမုံနာ-၁၊ မြေကွက်အမှတ်(၂၉၈)၊ မြေကွက် တည်နေရာအမှတ်(၂၉၈)၊ ကွက်သစ်(၁)လမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးညွန့်ရှိန်[၁၂/စခန (နိုင်)၀၃၅၄၃၈]၊ ဦးအောင်သန်း[၁၂/ဒပန(နိုင်)၀၁၆၉၂၂]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်ရှိန်(ဖခင်)နှင့် ဒေါ်ခင်မြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏အစုအား သားသမီး များဖြစ်ကြသော ဒေါ်ကြူကြူရှိန်[၁၂/စခန(နိုင်)၀၃၈၀၁၀]၊ ဒေါ်ဝါဝါစိုး[၁၂/စခန(နိုင်)၀၃၆၀၁၈]နှင့် ကျန်ပူးတွဲ အမည်ပေါက် ဦးအောင်သန်းတို့ထံမှ G.P (၁၂၀၃၉/၁၄) (၆-၅-၁၄)နှင့် (၁၃၉၀၈/၁၄)(၂၃-၅-၁၄)ရရှိသူ ဦးအောင်ဝဏ္ဏဖြိုး[၁၂/အစန(နိုင်)၀၇၁၄၁၁]က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇C2၊ မြေကွက်အမှတ်(၂၆)၊ မြေကွက်တည်နေရာအမှတ်(၄၉)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် (ဗိုလ်ကြီးအောင်မြိုင်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဗိုလ်ကြီးအောင်မြိုင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့်[၁၂/သဃက(နိုင်)၀၆၃၄၉၀]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၇)ရက်အတွင်းခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာမီးရထားရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆/မီးရထား)၊ မြေကွက်/ဦးပိုင်အမှတ်(၅၈ဘ)၊ ဧရိယာ(၀.၀၄၂)ဧကရှိ ဦးဘကို(ပါ)၂အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည်ဒေါ်စန္ဒာ[၉/ပမန(နိုင်)၀၁၇၃၂၂] အဖအမည် ဦးဘကိုမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**ရွှေအိုးဝေ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သွားဖူးသူတိုင်းပီတိဖြာပါယ်ရှာမလားကုသိုလ်ပွား ရွှေအိုးဝေ နဲ့ခရီးသွား

သံဝေဇနိယလေးဌာနနှင့် အဝိဇဟိတလေးဌာန
အိန္ဒိယ–နီပေါ ၁၁ည/၁၂ရက် ခရီးစဉ်
အောက်တိုဘာ(၆)ရက် နှင့် အောက်တိုဘာ(၂၀)ရက် ခရီးစဉ် အတွက် အထူးဝန်ဆောင်မှုအဖြစ် တစ်ဦးလျှင် စရိတ်ငြိမ်း (၈သိန်း၂သောင်း) ဖြင့် ပို့ဆောင်ပေးပါမည်။
လူဦးရေကန့်သတ်ထားပါသည် (အမြန်စာရင်းပေးမှ စိတ်ချရပါမည်)။

ဘီ–၁၊ အခန်းအမှတ် ၀၀၁/၀၀၂၊ မင်းဓမ္မ၅လမ်း၊
ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
☎ ၆၅၆၈၅၄၊ ၆၆၅၂၉၈ ၀၉-၅၁၄၀၆၈၆၊ ၀၉-၄၂၀၀၉၆၃၇၉
၀၉-၂၅၀၅၀၈၅၆၈၊ ၀၉-၃၁၈၆၄၈၃၄
Email: info@shweaoewaitravel.com/shweaoewai@gmail.com
Website : www.shweaoewaitravel.com

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၆)၊ ကန်လမ်းနေ ဦးမြင့်ကြိုင်-ဒေါ်သန်းညွန့်တို့၏ သမီး မခင်သက်ကြိုင် [၁၄/သပန(နိုင်)၀၈၃၆၀၂]သည် မိဘတို့၏ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘဆွေမျိုးများနှင့်ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကိုကျဆင်းအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမြင့်ကြိုင် [၁၄/သပန(နိုင်)၀၆၉၁၉၇]

# ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးနှင့် နုံးကြီးကျေးရွာ



၁။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village၊ One Product) စနစ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်သမ္မတ၏ (Third Wave) ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်တင်မှုမှာ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းလျက်ရှိပါသည်။

၂။ (One Village၊ One Product) တဲ့၊ အဲဒီစာသားလေးကို ကျွန်တော်တို့တိုင်းဒေသကြီးဝန်ကြီးချုပ်က (OV၊ O P) လို့ အတိုကောက် ပြောလေ့ရှိပါတယ်။ ရှင်းလင်းတိကျတဲ့ စကားလုံးနဲ့ အလုပ်ကိုဖော်ပြနေပါတယ်။ ဒီတော့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်လာဖို့ လယ်ယာစိုက်ပျိုးရေးအခြေခံတဲ့ ကျေးရွာတွေမှာ ဖြစ်နိုင်ခြေအနည်းဆုံး နှစ်မျိုးရှိနိုင်ပါတယ်။ ပထမတစ်မျိုးက မိမိတို့ကျေးရွာ၏ ရေမြေသဘာဝကို အခြေခံပြီး စိုက်ပျိုးလျက်ရှိသည့် သီးနှံအမယ်များစွာထဲက ဘယ်သီးနှံကို အများအပြား စီးပွားဖြစ်အဆင့် (Commercial Scale) ထုတ်လုပ်မလဲ။ ဒုတိယတစ်မျိုးကတော့ ထွက်ရှိလာတဲ့စီးပွားဖြစ်အဆင့် သီးနှံကုန်ကြမ်းတွေကို တန်ဖိုးမြှင့်ကုန်ချော (Value Added Product) အဆင့်အဖြစ် ထုတ်နိုင်မလဲ။

၃။ ဒီလိုစီးပွားဖြစ်အဆင့်ထုတ်လုပ်နိုင်ဖို့ ဆိုလျှင် ဘာတွေလုပ်ဖို့လိုအပ်မလဲ။

စိုက်ပျိုးထုတ်လုပ်မည့်သီးနှံကို မိမိဒေသနှင့် အကိုက်ညီဆုံးနဲ့ ဈေးကွက်ဝင်သီးနှံတစ်မျိုး သို့မဟုတ် နှစ်မျိုးကိုရွေးချယ်ရပါမယ်။ အဲဒီနောက်မှာတော့ ဒီအသီးအနှံတွေကို စိုက်ပျိုးထုတ်လုပ်မည့် ဆန္ဒတူညီတဲ့ တောင်သူလယ်သမားတွေစုဖွဲ့ပြီး ဧရိယာ၊ ဧကရာထောင်ချီပြီးစိုက်ရန် လိုအပ်ပါတယ်။ သို့မှသာ စိုက်ပျိုးထွက်ရှိလာတဲ့ သီးနှံတွေဟာလည်း စီးပွားဖြစ်ရောင်းဝယ်နိုင်သောအဆင့် (Commercial Scale) ထွက်ရှိလာမှာဖြစ်ပါတယ်။ ဒီလိုထွက်ရှိလာတဲ့ သီးနှံပမာဏများပြားစွာရှိပါမှ ကုန်သည်အဆင့်၊ ကုမ္ပဏီအဆင့်ဖြင့် ဆက်သွယ်ရောင်းဝယ်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအဆင့် စီးပွားဖြစ်အရောင်းအဝယ်ပမာဏ (Quantity) ရရှိအောင် ထုတ်လုပ်နိုင်ဖို့နဲ့ ဒုတိယအဆင့် အရည်အသွေးအဆင့်မီ (Quality) ရရှိအောင် ထုတ်လုပ်နိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

၄။ ဒီလို စီးပွားဖြစ်အဆင့်ကို ရောက်ရှိလာပြီဆိုတာနှင့် ကုန်စည်ရောင်းဝယ်ဖောက်ကားမှု ကြီးမားလာပြီး ကြားပွဲစားများ၊ ကုမ္ပဏီအဆင့် ပေါက်ဈေးများနှင့် မိမိတို့ဒေသတွင် အရောင်းအဝယ်ဈေးကွက်တစ်ခု ထွန်းကားလာမှာဖြစ်ပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်စရိတ်နှင့် ရောင်းဝယ်လွှဲပြောင်းမှုကုန်ကျစရိတ်များ (Transactional Cost) လျော့နည်းသက်သာလာပြီး မြင့်မားသည့်ဈေးနှုန်းများ ရရှိလာမှာဖြစ်သည့်အတွက် အကျိုးအမြတ် ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။

၅။ ဖော်ပြပါအခြေအနေများကို သက်သေပြရန်အတွက် ကျေးရွာတစ်ရွာရှိပါတယ်။ အဲ့ဒါကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်က နုံးကြီးကျေးရွာ ဖြစ်ပါတယ်။

၆။ နုံးကြီးကျေးရွာရှိ တောင်သူလယ်သမားများမှာ မြေယာပိုင်ဆိုင်မှု လွန်စွာနည်းပါးပြီး အများဆုံးပိုင်ဆိုင်သူက ရှစ်ဧက၊ ကိုးဧကသာ ဖြစ်ပါတယ်။ ကျန်တောင်သူအများစုက တစ်ဦးကို နှစ်ဧက၊ သုံးဧကသာ ပိုင်ဆိုင်သူများဖြစ်ပါတယ်။ သို့သော်လည်း ဒီကျေးရွာတောင်သူများဟာ တစ်ဧကဝင်ငွေကို နှစ်စဉ်ကျပ်သိန်း ၂၀ ခန့် ရရှိအောင် စွမ်းဆောင်နိုင်ကြပါတယ်။

၇။ ဘာသီးနှံတွေစိုက်လို့ ဒီလိုဝင်ငွေရရှိကြတာလဲ။ သူတို့စိုက်တဲ့သီးနှံတွေကတော့ ကြက်သွန်ဖြူ၊ နီနှင့် ချည်မျှင်ရှည်ဝါတို့ ဖြစ်ပါတယ်။ ဒီသီးနှံနှစ်မျိုးကို တစ်သီးမရိတ်သိမ်းမီ နောက်တစ်သီး လက်ဆင့်ကမ်းစိုက်ပျိုးသည့်စနစ် (Relay Cropping System) နဲ့ စိုက်ပျိုးကြခြင်းဖြစ်ပါတယ်။ ဒီစနစ်ကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ယခင်ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၊ ယခုစက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသရိုးရာစိုက်ပျိုးလေ့ရှိသည့် ကြက်သွန်စိုက်ခင်းတွင် ခရမ်းသီးညှပ်စိုက်ပျိုးသည့်စနစ်အစား (Inter Cropping System) ကြက်သွန်နှင့် မိုးကြိုချည်မျှင်ရှည်ဝါကို လက်ဆင့်ကမ်းစိုက်ပျိုးနည်းစနစ်ဖြင့် (Cropping Pattern) သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရန် စည်းရုံးပညာပေးဆောင်ရွက်ခဲ့ရာ ဦးဆောင်တောင်သူ ရှစ်ဦးဖြင့် ၁၅ ဧက စတင်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းနှစ်တွင် ငွေချည် (၆) ချည်မျှင်ရှည်ဝါမျိုးဖြင့် တစ်ဧကလျှင် ဝါပိဿာ ၁၃၀၀ ကျော်အထိထွက်ရှိခဲ့ရာ နှစ်စဉ် စိုက်ဧကများ တိုးပွားလာပြီး ကျေးရွာရှိတောင်သူများအားလုံးက ကြက်သွန်စိုက်ခင်းတိုင်းတွင် မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို ယုံကြည်လက်ခံလာခဲ့ကြရာ ယခုနှစ်တွင် စိုက်ဧက ၂၆၀ ကျော်ထိ စိုက်ပျိုးလျက်ရှိပါသည်။ တောင်သူများကလည်း ဌာနကလမ်းညွှန်သည့် သိပ္ပံနည်းကျစိုက်စနစ်များဖြင့် အပင်ပြုစုမှုလုပ်ငန်းများကို တိကျလိုက်နာစွာ ဆောင်ရွက်ကြသဖြင့် နှစ်စဉ်ချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ဝါပိဿာ ၁၀၀၀ ထိ ထွက်ရှိသည့် တောင်သူဦးရေ တိုးပွားလာခဲ့ပြီး ပျမ်းမျှအထွက်နှုန်း ၇၀၀၊ ၈၀၀ ထွက်ရှိကြပါသည်။ ကြက်သွန်နီအထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှ ပိဿာ ၃၀၀၀ ကျော်ဖြစ်ပါသည်။

၈။ ဒါကြောင့်နုံးကြီးကျေးရွာမှာ အဓိကထွက်ကုန်နှစ်မျိုးဟာ ကြက်သွန်နှင့် ချည်မျှင်ရှည်ဝါ ဖြစ်ပါတယ်။ နှစ်စဉ်ကြက်သွန် ပိဿာချိန် ၇၈၀၀၀၀ ခန့်နှင့် ဝါပိဿာချိန် ၂၀၀၀၀၀ ခန့်ထွက်ရှိနေပြီဖြစ်ရာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးမက နှစ်မျိုးစလုံးဟာ စီးပွားဖြစ်အဆင့် (Commercial Scale) ရောင်းဝယ်နိုင်မည်ဖြစ်ပါတယ်။ ဒီနေရာမှာ နုံးကြီးကျေးရွာမှ ဦးဆောင်တောင်သူများဖြစ်ကြတဲ့ ဦးအောင်ဆန်း၊ ဦးစောဝင်းမြင့်၊ ဒေါ်စောမြတို့၏ပြောပြချက်အရ ကြက်သွန်သီးနှံအနေဖြင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အရှုံးနှင့်အမြတ်ရှိသော်လည်း ဝါသီးနှံအနေဖြင့် ချည်မျှင်ရှည်ဝါတစ်ပိဿာ ၁၀၀၀ ကျပ်နှုန်းဖြင့် နှစ်စဉ်ဈေးနှုန်းတည်ငြိမ်နေတာကြောင့် တစ်ဧကဝင်ငွေ ကျပ် ၁၀ သိန်း၊ အမြတ်ငွေ ကျပ်ခုနစ်သိန်းနဲ့ ရှစ်သိန်း နှစ်စဉ်ရရှိနေတယ်လို့ သိရှိရပါတယ်။ ဒီသီးနှံပုံစံက စိုက်ပျိုးထုတ်လုပ်မှု အဆင်အပြေဆုံးနှင့် အရင်းအနှီးနည်းနည်းနဲ့ အမြတ်များများရတဲ့ ဝါစိုက်ပျိုးမှုပုံစံဖြစ်နိုင်ကြောင်း နုံးကြီးကျေးရွာ တောင်သူများက သက်သေပြနိုင်ခဲ့ပြီဖြစ်လို့ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်ရှိ ကြက်သွန်စိုက်ဧရိယာများတွင် မိုးကြိုချည်မျှင်ရှည်ဝါကို တိုးချဲ့စိုက်ပျိုးလာနေကြပြီ ဖြစ်ပါသည်။

၉။ မိုးကြိုချည်မျှင်ရှည်ဝါကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများမှာ လှိုင်လှိုင်ကောက်သိမ်းရသည်ဖြစ်ရာ ထွက်ရှိလာတဲ့ဝါများကို မုံရွာ၊ စစ်ကိုင်း၊ မန္တလေးမှ ဝါကြိတ်စက်လုပ်ငန်းရှင်များက ကျေးရွာအရောက် အဝယ်ကိုယ်စားလှယ်များဖြင့် ဝယ်ယူလျက်ရှိရာ ဝါအိတ်များတင်ဆောင်လာသည့် ကားအမျိုးအစားအစုံကို နေ့စဉ်တွေ့ရှိနေရပါတယ်။ ကျေးရွာမှတောင်သူကိုယ်စားလှယ်များ၏ နေအိမ်တွင် ဝါများ ချိန်တွယ်ရောင်းဝယ်နေကြတာကိုလည်း နေ့စဉ်စည်ကားစွာ တွေ့ရှိနေရပါတယ်။ ယနေ့အချိန်အထိ ဝါပိဿာချိန် ၁၀၀၀၀၀ ကျော် ကောက်သိမ်းရောင်းချပြီးဖြစ်လို့ ဝါတစ်ပိဿာ ၁၁၅၀ ကျပ်ဈေးဖြင့် ကျပ်သိန်းပေါင်း ၁၁၅၀ ကျော် ဝင်ငွေရရှိပြီးဖြစ်ပါတယ်။ သီးနှံပုံစံအရ ကြက်သွန်ကို နိုဝင်ဘာလ၊ ဒီဇင်ဘာလတွင် စိုက်ပျိုးမည်ဖြစ်သဖြင့် ချည်မျှင်ရှည်ဝါကို အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းအထိ ဆက်လက်ကောက်သိမ်းမည်ဖြစ်ရာ ဝါပိဿာချိန် ၁၀၀၀၀၀ ခန့် ထပ်မံရရှိဦးမည်ဖြစ်ပါသည်။ သို့ပါ၍ ကျပ်သိန်းပေါင်း ၂၀၀၀ ကျော်ဝင်ငွေကို ဝါသီးနှံဖြင့် ရရှိကြမည်ဖြစ်ပါသည်။

၁၀။ နိုဝင်ဘာလဆန်းတွင် ဝါသီးနှံခုတ်သိမ်းပြီး ကြက်သွန်သီးနှံစိုက်ပျိုးဖို့ ပြင်ဆင်ကြမှာဖြစ်ပါတယ်။ ကြက်သွန်စိုက်ပြီး သုံးလ၊ လေးလခန့်အချိန်ဖြစ်တဲ့ နောက်ဆုံးရေသွင်းချိန် သို့မဟုတ် နောက်ဆုံးဒုတိယရေ (ဂုတ်ရေ) ပေးသွင်းချိန် ဖေဖော်ဝါရီလလယ်ခန့်မှ မတ်လကုန်မှာတော့ ကြက်သွန်စိုက်ခင်းများတွင် ချည်မျှင်ရှည်ဝါ ပြန်လည်စိုက်ပျိုးကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် နုံးကြီးကျေးရွာမှ လယ်မြေများသည် ကြက်သွန်စိုက်ခင်းတစ်လှည့်၊ ဝါစိုက်ခင်းတစ်လှည့်ဖြင့် တစ်ဧကဝင်ငွေ ကျပ်သိန်း ၂၀ ကျော် ရရှိလာခဲ့တာ ရှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှ ကြက်သွန်စိုက်ပျိုးသော မြင်းခြံ၊ ပုဂံ၊ ညောင်ဦး၊ မကွေး၊ ပခုက္ကူ၊ စလင်းမြို့နယ်များမှ တောင်သူများကိုယ်တိုင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာခဲ့ကြပြီး တောင်သူအချင်းချင်း ဆွေးနွေးဖလှယ်နိုင်ခဲ့ကြပါတယ်။

၁၁။ ဒီကျေးရွာ၏ (One Village၊ One Product) အောင်မြင်ဖြစ်ထွန်းမှု အဓိကသော့ချက်ကတော့ သီးနှံပုံစံ (Cropping Pattern) ကိုက်ညီမှန်ကန်မှုပဲ ဖြစ်ပါတယ်။ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်သီးနှံတွေကို ဒေသနဲ့ကိုက်ညီတဲ့ပုံစံ ချပေးနိုင်ခြင်းအားဖြင့် တောင်သူများကို အရင်းအနှီးနည်းနည်းနဲ့ အမြတ်များများရအောင် ဖန်တီးပေးနိုင်ခြင်းဖြစ်လို့ ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပြီ ဖြစ်ပါတယ်။

လယ်ယာကဏ္ဍ၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village၊ One Product) နှင့် ဝါစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေတဲ့ ယင်းမာပင်မြို့နယ်၊ နုံးကြီးကျေးရွာကို သာဓကဆောင်လျက် တင်ပြအပ်ပါသည်။

**ထွန်းကိုကို(ယင်းမာပင်)**

**Auston Institute Of Management**

- တက္ကသိုလ်ဝင်တန်း / IGCSE အောင်မြင်ထားသူများအတွက် Higher Diploma in Electronics Engineering / Mechatronics Engineering / Telecommunications and Network Engineering + BE (Hons) in Electronic and Communication Engineering (or) BE (Hons) in Mechatronics
- HND ပြီးဆုံးထားသူများအတွက် BE (Hons) in Electronic and Communication Engineering / Mechatronics (Top Up)
- မြန်မာနိုင်ငံမှ B-Tech, BE ဘွဲ့ရရှိပြီးသူများအတွက် M.Sc in Programme & Project Management
- HND in Business ပြီးဆုံးထားသူများအတွက် B.Sc (Hons) in Business Management (Top Up)
- မြန်မာနိုင်ငံမှ ဘွဲ့ ၊ တ.စ ခုရရှိထားပြီးသူများအတွက် Master of Business Administration (MBA)
- မြန်မာနိုင်ငံမှ (၁၀နှစ်) ပညာရေးပြီးဆုံးထားသူများအတွက် Certificate in Foundation Studies (Business / Engineering)

Date
**27.9.2014 (Sat)**
Time
**1:00 pm to 4:00 pm**
Venue
**Sule Shangri-La Hotel**
**(Ball Room)**

ကျောင်းလျှောက်လွှာကြေး
ကင်းလွတ်ခွင့်၊ ပညာသင်
ထောက်ပံ့ကြေးနှင့် နေထိုင်စရိတ်
ထောက်ပံ့ကြေးများလျှောက်ထားနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက **SR International Education Exhibition 2014** သို့ မည်သူမဆို လာရောက် အခမဲ့ ဆွေးနွေးနိုင်ပါသည်။

ORGANIZED BY
SR WORLDWIDE EDUCATION
STUDY ABROAD SPECIALIST SERVICES

Level (4), MMC City Campus
47/48, Bahosi Building, Lanmataw Township 11131,
Yangon, Myanmar. www.facebook.com/srworldwideeducation
**Call Us : 095428848, 095438848, 095148848**

# အာရှပတ်လမ်းမကြီး၏ ကလေး-ဂန့်ဂေါ ကားလမ်းပိုင်း အဆင့်မြှင့်တင်မှု လုပ်ငန်းများဆောင်ရွက်

**ကလေး၊ စက်တင်ဘာ ၈**

ကလေး-ဂန့်ဂေါကားလမ်းပိုင်းသည် အာရှပတ်လမ်းမကြီးပေါ်တွင်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသည့် ကားလမ်းမကြီးဖြစ်ကာ အဝေးပြေးကားများ၊ ယာဉ်ကြီးယာဉ်ငယ်များ သွားလာရန်အသုံးပြုသည့် လမ်းမကြီးဖြစ်သည်။

သို့ဖြစ်၍ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ အခက်အခဲမရှိဘဲ မြန်ဆန်လွယ်ကူစွာဖြင့် သွားလာနိုင်မည်ဖြစ်သည့်အတွက် တံတားများ၊ Box culvert များတွင် လှိုင်းများ၊ တံတားအနိမ့်အမြင့်များ ညီညာမှုရှိစေရန် မြေညှိခြင်းလုပ်ငန်းများကို ကလေးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နန်းကလိန်တံတား၊ သာယာကုန်းတံတားနှင့် သာစည်တံတားတို့၏ ချဉ်းကပ်လမ်းနှစ်ဖက်အား တာပေါင်တင်ပေးခြင်း၊ တံတားနှင့်ချဉ်းကပ်လမ်းအား ကတ္တရာလမ်း ခင်းပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အတွင်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သော တံတားများနှင့် ချဉ်းကပ်တိုင်များ၊ Box culvert နှင့် လမ်းအချက်ပြဆိုင်းဘုတ်များအား ရေဆေး၊ ဆီဆေးသုတ်ခြင်းနှင့် စိုက်ထူခြင်းလုပ်ငန်းများ၊ ကတ္တရာလမ်းပေါက်များအား ပြုပြင်ဖာထေးခြင်း၊ လမ်းဘေးဝဲယာချုံခုတ်ခြင်း၊ တောရှင်းခြင်း၊ ထုံးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်း ကလေး -ဂန့်ဂေါကားလမ်းပိုင်းသည် လမ်း၏ ရေဝပ်သောနေရာများ၌ လမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် Cross Drain ကန့်လန့်ဖြတ်ရေမြောင်းများ ဖောက်လုပ်ပေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးထိန်ဝင်းက ပြောသည်။



အဆိုပါ အာရှပတ်လမ်းမကြီး၏ ကလေး-ဂန့်ဂေါလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဖြတ်သန်းသွားလာသူပြည်သူများ စိတ်အေးချမ်းသာလျက်ရှိကြပြီး အဝေးပြေးယာဉ်များ၏ ခရီးသည်ပို့ဆောင်မှုလုပ်ငန်းနှင့် ကုန်တင်ယာဉ်ကြီးများ၏ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

# ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးအတွက် ဆည်ပေါက်ကျေးရွာအုပ်စုတွင်ကွင်းဆင်းဟောပြော

**ကျောက်ပန်းတောင်း၊ စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ဆည်ပေါက်ကျေးရွာအုပ်စု ဆည်ပေါက်ကျေးရွာဓမ္မာရုံတွင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံဟောပြောခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြည်သူများ တရားဥပဒေကို သိရှိနားလည်၍ မှုခင်းဆိုင်ရာကိစ္စရပ်များ လျော့နည်းပပျောက်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာပြီး၊ စည်းကမ်းရှိသော နိုင်ငံသားများ ဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်သူကိုဗဟိုပြုသည့် စည်းရုံးဟောပြောမှုများကို ကျေးရွာများ၊ မြို့နယ်များ၊ မြို့ကြီးများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် ကျေးရွာအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၆၅ ဦးတက်ရောက်ခဲ့ကြသည်။

အလားတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးနှင့် စခန်းမှူး ဒုရဲမှူး မြင့်အောင်တို့သည် မွန်းလွဲ ၂ နာရီတွင် ဆည်ပေါက်ကျေးရွာအုပ်စု၊ အင်ချောင်းကျေးရွာတွင် ပြည်သူ ၅၁ ဦးတို့အားလည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် သာယာအေးရပ်ကွက်ဓမ္မာရုံတွင် ရပ်ကွက်လူငယ် ၅၇ ဦးတို့အားလည်းကောင်း တွေ့ဆုံ၍ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# ရော်ဘာပျိုးခင်း တည်ထောင်ခြင်းနှင့် မျိုးခွဲခြားခြင်းသင်တန်းဆင်း

**သံဖြူဇရပ်၊ စက်တင်ဘာ ၈**

ရော်ဘာစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်နှင့် အထွက်နှုန်းကောင်းမွန်သည့် ပျိုးပင်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် မော်လမြိုင်ခရိုင်နှင့် သံဖြူဇရပ်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းကာ ရော်ဘာပျိုးခင်းတည်ထောင်ခြင်းနှင့် မျိုးခွဲခြားခြင်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ဌေးဌေးစန်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌဦးကျင်အိန်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

"ကျွန်တော် ရော်ဘာပျိုးခင်းတည်ထောင်ပြီး ပျိုးပင်ရောင်းနေတာ ၁၀ နှစ်ကျော်ရှိပါပြီ။ အရင်က ကိုယ်တတ်သလောက် သိသလောက်နဲ့ ပျိုးခင်းတည်ထောင်ပြီး ကိုင်းကူးကိုင်းဆက်လုပ်နေတာ အခက်အခဲတွေ အများကြီးရှိခဲ့သလို ဆုံးရှုံးမှုတွေလည်း မနည်းပါဘူး။ အခု ဒီသင်တန်းကို ရက်တိုင်းရက်တက်ပြီး ပညာရှင်တွေထံမှ နည်းပညာတွေရခဲ့တာ ငွေကြေးနဲ့ တန်ဖိုးဖြတ်လို့မရနိုင်ပါဘူး။ ဌာနနဲ့ ပညာရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ နောင်ဖွင့်မယ့် သင်တန်းတွေကို ရော်ဘာစိုက်တောင်သူတွေ တက်သင့်တယ်။ ဒါမှ မြန်မာ့ရော်ဘာအထွက်နှုန်းက ကမ္ဘာ့နိုင်ငံတွေနဲ့ ယှဉ်နိုင်စွမ်းရှိမှာပါ" ဟု သံဖြူဇရပ်မြို့မှ ရော်ဘာပျိုးခင်းတည်ထောင်သူ ဦးမင်းဟန်က ပြောသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဒေါ်မို့မို့ခင်က သင်တန်းနည်းပြများကို ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ကာ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(သံဖြူဇရပ်)**

# မိုဘိုင်းဖုန်းတာဝါတိုင် တည်ဆောက်ပြီးစီးသော်လည်း ဖုန်းအသုံးပြု၍မရသဖြင့် ဒေသခံများ အခက်တွေ့

**ကော့သောင်း၊ စက်တင်ဘာ ၈**

နိုင်ငံနှင့်အဝှမ်း GSM နှင့် WCDMA ဖုန်းများ အသုံးပြုကာ ပြည်သူများ ဆက်သွယ်ရေး အဆင်ပြေလွယ်ကူမြန်ဆန်နေကြသည့် ကြည်နူးဖွယ်ဖြစ်စဉ်များ သတင်းမီဒီယာအနှံ့ တွေ့မြင်ဖတ်ရှုနေရသော်လည်း ကော့သောင်းခရိုင်၊ ကရသူရိမြို့နယ်ခွဲတွင် လွန်ခဲ့သည့်ဇန်နဝါရီလက တာဝန်ရှိသူများနှင့်အတူ များပြားလှစွာသော အခက်အခဲများကြားမှ မြို့နယ်အတွင်း အမြန်ဆုံး ဖုန်းလိုင်းဆက်သွယ်မှုရရှိနိုင်ရေး တပ်မက်မှုဇောဖြင့် မြို့နေပြည်သူများအားကြိုးမာန်တက် ဝိုင်းဝန်းပံ့ပိုး ကူညီလုပ်ဆောင်ပေးခဲ့ကြသဖြင့် မေလတွင် တာဝါတိုင်စိုက်ထူခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။ သို့သော် ယခု စက်တင်ဘာအထိတိုင် မြို့နေပြည်သူများ လိုလားတပ်မက်စွာ မက်ခဲ့ကြသည့် မိုဘိုင်းဖုန်း ပြောဆိုဆက်သွယ်ရရှိနိုင်သည့် အိပ်မက်မှာ အကောင်အထည်မပေါ်နိုင် ဖြစ်နေခဲ့ကြရသည်။

စုံစမ်းသိရှိရသည်မှာ တာဝါတိုင်တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသည့်အချိန်ကာလသည် မိုးတွင်းကာလရောက်နေသဖြင့် တယ်လီဖုန်းဆက်သွယ်မှု စက်ကိရိယာပစ္စည်းများ တပ်ဆင်ချိတ်ဆက်မှုလုပ်ငန်းမှာ ဆက်လက်ပြုလုပ်ရာတွင် အခက်အခဲများရှိနေသဖြင့် ကြန့်ကြာရကြောင်း တာဝန်ရှိသူများ ပြောကြားချက်အရ သိရသည်။

ယခု စက်တင်ဘာနှောင်းပိုင်းသည် မြန်မာနိုင်ငံတောင်ဘက်ပိုင်း အရပ်ဒေသများတွင် မိုးနှောင်းရာသီအတွင်းသို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သဖြင့် မိုးရွာသွန်းမှု သိသာစွာလျော့နည်းလာပြီဖြစ်ရာ မြို့နေပြည်သူများအနေဖြင့် မိုဘိုင်းဖုန်း အမြန်ဆုံးဆက်သွယ်အသုံးပြုလိုသည့် ဆန္ဒများကြောင့် တာဝန်ရှိသူများ၊ အတတ်ပညာရှင်များအနေဖြင့် ဒေသခံပြည်သူများ ဆန္ဒပြည့်ဝရေးဖြစ်နိုင်ပါက ဆောလျင်စွာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြည်သူများက ပြောသည်။ **ကရသူရိ(ပြန်/ဆက်)**

ဦးစိန္တာ၏မြစ်၊ ဆရာကြီးဦးလောကေသရ၏မြေး၊ ဆရာလင်း၏သား ဆရာဦးအောင်သန်းရေးသားသော
၁၃၇၇ ခုနှစ် မန္တလေး မဟာသင်္ကြန်စာ
ထွက်နေပါပြီ၊ ...

NELC "Don't Worry, Just Speak!"
NELC
Nelson English Language Centre
Age Over 16
• Intro
• Level-1
• Level-2
• Level-3
• Grammar(Basic)
• Listening/Speaking-1
• IELTS(Foundation) > Taught by Native Speaker
Age 3-5
Pre School
Opening In September
Myaynigone - 01516681,526311,523680 Bo Aung Kyaw - 01256516,256517
Aung Tha Pyay- 01 501947,09 8612639 Yankin- 01 8550727,8550728

အကျိုးဆောင် ကို Internet မှဖတ်ရှုနိုင်ပြီ
အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားလိုသူများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် မရှိမဖြစ်လိုအပ်သော အသုတ်စဉ် တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသည့် အကျိုးဆောင်ဂျာနယ်ကို ယခုအခါ ဂျာနယ်အနေဖြင့်သာမက ကမ္ဘာတစ်ဝှမ်းမှ www.ahkyosaungjournal.com (website) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ Google တွင်လည်း အကျိုးဆောင်ဂျာနယ်ဟု မြန်မာလိုရိုက်နှိပ် ကြည့်ရှုနိုင်ပါပြီ

ခရီးသွား သီတင်းကျွတ်ခရီးစဉ်များ
Royal Gandamar Travels & Tours
>ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (၅ရက်) Sep 26/ Oct 7 VIP 180000
>အင်းလေး-တောင်ကြီး-ထန်းစမ်း (၅ရက်) Sep 19/ Oct 7,10 Classic 140000
>မော်လမြိုင်-ကျိုက်ခမီ-ဇင်းကျိုက် (နေ့ချင်းပြန်) Sep 13 35000
> ကျိုက်ထီးရိုး-ပဲခူး ရွှေမော်ဓော (နေ့ချင်းပြန်) Oct 4,7,25 40000
>ပြည်-အကောက်တောင် (နေ့ချင်းပြန်) Oct 4,7,25 30000
Call:09 333 53275,09 250 892626,095127969
အမှတ် (၆၉)၊ ဒုထပ်၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်၊
3*Hotel, Scania ကား, Meals, Guide စရိတ်ငြိမ်း

တိုက်ခန်းရောင်းမည်(သို့)ငှားမည်
မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမ၊ မုဒိတာ ကွန်ဒို(၁)၊ ပေ(၂၂×၄၀)၊ စတုတ္ထထပ်၊ 1MBR၊ 2BR၊ ပါကေး၊ Ac၊ WH၊ ညှိနှိုင်းဈေး။
ဖုန်း-၀၉-၅၁၅၈၅၂၆

ကိုညာဏ် KO NYAN Travel Services
မြန်မာနိုင်ငံ၏ သဘာဝအလှ ဇင်းကျိုက်ရေတံခွန်
မဲလံဆံတော်ရှင်-ကျောက်ပိရပဟန္တာ-လမ်းဘုရားစုံ တနင်္ဂနွေ
မနက်စာ-နေ့လည်စာ-ရေသန့်-တောင်တက်ကားခ (အပတ်စဉ်)
(25)seater Tour car တစ်ဦးလျှင် 30000 Ks စနေညထွက်/တနင်္ဂနွေပြန်ရောက်မည်။
Ph: 01-551649, 01-209183, 09-420085992, 09-73112034 E-mail: konyan1966@gmail.com

PIONEER မိုဘိုင်းဖုန်းသင်တန်းကျောင်း
-HARDWARE ~~300000~~ KS → 150000 -SOFTWARE ~~300000~~ KS → 150000
နယ်ကျောင်းသားများ အတွက်အဆောင်ရှိပါသည်
အမှတ်(၆၀)အင်းစိန်လမ်း၊ လှည်းတန်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ရန်ကုန်၊ ဖုန်း-၀၉ ၅၁၂၁၆၆၇၊ ၀၉ ၃၁၄၅၂၀၄၅

## ကျုံပျော်မြို့နယ် အမက-မူလွန်သို့ စာရေးကိရိယာများလှူဒါန်း

**ကျုံပျော်၊ စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ မန်းကြာကျေးရွာအုပ်စု၊ အမက-မူလွန် (တောင်ပန်းကြာရွာ) သို့ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ ရန်ကုန်မြို့၊ သံလွင်လမ်း (Adventure Myanmar) ခရီးသွားလုပ်ငန်းမိသားစု မင်းဒင်ဖောင်ဒေးရှင်းမှ ပညာရည်ချွန်ဆုတံဆိပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ အမက-မူလွန် တောင်ပန်းကြာရွာ ကျောင်းအုပ်ဆရာကြီး ဦးကြည်စိုးက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပညာရေးနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးသိန်းဖေက ပညာရည်ချွန်တံဆိပ်များနှင့် စာရေးကိရိယာများ လှူဒါန်းခြင်းရည်ရွယ်ချက်များကို အကျယ်တဝင့်ပြောပြခဲ့ပြီး ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူ ၂၅၂ ဦးတို့အား ဗလာစာအုပ် ဒါဇင် ၂၅၀၊ ဘောပင် ဒါဇင် ၄၀ အစရှိသော စာရေးကိရိယာများကို လှူဒါန်းခဲ့သည်။

ကျောင်းအကျိုးတော်ဆောင် အငြိမ်းစားဆရာကြီး ဦးသိန်းဖေက ၎င်းမိသားစုသည် ၂၀၀၉ ခုနှစ်တွင် မိမိတို့ရွာအတွက် ခြေလှမ်းသစ်စာကြည့်တိုက် တစ်လုံးဆောက်လုပ်လှူဒါန်းပေးပြီး နှစ်စဉ် စာအုပ်စာစောင်များ ပေးပို့လှူဒါန်းခြင်း၊ ကျောင်းသူ၊ ကျောင်းသားများအတွက် စာအုပ်၊ စာရေးကိရိယာ၊ လွယ်အိတ်များ နှစ်စဉ်လှူဒါန်းခြင်း၊ ကျောင်းစာကြည့်တိုက်အတွက် ငွေကြေးများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

## ကြည့်မြင်တိုင်မြို့နယ်၌ ကျောင်းများသို့ ကွင်းဆင်းစီမံချက်အရ အ.ထ.က(၁)နှင့် အ.ထ.က(၃)၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်တွင်၊ ကျောင်းကွင်းဆင်းစီမံချက်အရ အခြေခံပညာအထက်တန်းကျောင်းများသို့ ကြည့်မြင်တိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက ကြည့်မြင်တိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃) အစည်းအဝေးခန်းမတွင် ကျောင်းသား၊ ကျောင်းသူ ၉၈ ဦးနှင့် အ. ထ. က (၁) မြတ်ဝတ်ရည်ခန်းမတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကြည့်မြင့်တိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးမြင့်လွင်နှင့် ဒေါ်ကြည်ကြည်မာ၊ ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးစိုးသွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ဌေးဌေးဝင်း၊ အ. ထ. က (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာလှိုင်၊ အ. ထ. က (၁) တာဝန်ခံဆရာမကြီး ဒေါ်မြမြနှင့် ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား အလှူရှင် ဒေါ်မြတ်ကေခိုင်မိသားစုက အာဟာရတိုက်ကျွေးရေးအစီအစဉ်အဖြစ် သာကူနှင့် နို့ဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ကြည့်မြင်တိုင်)**

## ဟားခါး၌လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ ကျင်းပ

**ဟားခါး၊ စက်တင်ဘာ ၈**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

ပြိုင်ပွဲတွင် 'လူသားအချင်းချင်း စာနာလို့၊ လူကုန်ကူးမှု တိုက်ဖျက်စို့' ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦး၊ ကဗျာပြိုင်ပွဲတွင် ရှစ်ဦး၊ ပန်းချီပြိုင်ပွဲတွင် ၂၂ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကိုးဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၄ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ ကဗျာပြိုင်ပွဲတွင် ရှစ်ဦး၊ ပန်းချီပြိုင်ပွဲတွင် ၂၇ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မူလတန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ ကဗျာပြိုင်ပွဲတွင် နှစ်ဦး၊ ပန်းချီပြိုင်ပွဲတွင် ၃၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၃ ဦးနှင့် ပိုစတာပြိုင်ပွဲတွင် ကိုးဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ လှိုင်သာယာမြို့နယ်၌ အခမဲ့စမ်းသပ်ကုသမှုများ ဆောင်ရွက်

**ရန်ကုန်၊ စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာမွန်းသော်တာမျိုးသန့်၊ ဒေါက်တာသပြေကြည်တို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများပါဝင်သည့် ရွေ့လျားကွင်းဆင်းကုသရေးအဖွဲ့ ရောက်ရှိလာကာ စိတ်ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဝေဒနာရှင်လူငယ်များအား အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် ဆက်လက်ကုသမှုခံယူရန်လိုအပ်သော လူနာများအား အထူးကုဆေးရုံကြီး၌ ဆက်လက်ကုသနိုင်ရေးဆောင်ရွက်ပေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကျန်းမာရေးဦးစီးဌာနမှ ပြည်သူများကျန်းမာရေးကို ဘက်စုံထောင့်စုံ ပြုစုစောင့်ရှောက်မှု လွှမ်းခြုံဆောင်ရွက်နေသော်လည်း ကျန်းမာရေးနှင့်ညီညွတ်မျှတမှုမပြည့်စုံသည့် အရက်မျိုးစုံနှင့် ကြပ်မတ်ရန်အားနည်းနေသည့် အရက်ပုန်း လိုင်စင်မဲ့ဆိုင်များတွင် စိတ်ကျန်းမာရေးချို့တဲ့သူအများစုမှာ စည်းကမ်းမဲ့ အရက်အလွယ်ဝယ် အလွယ်သောက်သုံးသူများဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ရှုပစိုးထံမှ သိရသည်။ စိတ်ကျန်းမာရေး (မိုဘိုင်း) စောင့်ရှောက်မှုအား တစ်လ တစ်ကြိမ်နှုန်းဖြင့် စဉ်ဆက်မပြတ် ဝန်ဆောင်မှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၂၉)**

"ဗုဒ္ဓဂယာဘုရားဖူးသွားကြမည်ဆိုလျှင် မေသူမောင် နှင့် သွားကြပါစို့"
• "မေသူမောင်" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ၂၀၁၄-၂၀၁၅ခုနှစ် ခရီးစဉ်
• 08 Oct, 12 Nov, 30 Nov, 17 Dec, 24 Dec, 04 Jan, 25 Jan, 08 Feb, 25 Feb, 15 Mar,
• 22 Mar, 12 Apr (၁၀)ညအိပ်(၁၁)ရက်ခရီးစဉ်(ဓါတ်တော်တိုက်ဖွင့်ပွဲ) - 02 Nov
လိုက်ပါလိုသည့် ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး ကြိုတင်စာရင်း ပေးသွင်းထားနိုင်ပါသည်။
• ဆက်သွယ်ရန်ရုံးချုပ် -အမှတ်(C/၁၁၀)၊Highway Complex၊နာနတ်တောလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁ ၂၄၇၀၊၀၉-၇၃ ၂၄၁၆၈၇၊၀၉-၇၃၁၅၄၃၆၁၊၀၉-၇၃၁၅၇၃၆၃။ မန္တလေးဖုန်း-၀၂-၇၆၀ ၂၄၊၀၉-၄၄၄၀၁၀ ၂၇၀။

Access Cherry Travels & Tours Co.,Ltd.
✹ ပုဂံ(စွယ်တော်လေးဆူ-ပြည့်ငါးပြည့်)-ပုပ္ပါး(၃ည) Sept 5,12/Oct 6 90000
✹ ပြင်ဦးလွင်ခရီးစဉ် (၃ည) Sept 19,26/Oct 3 90000
✹ ပြည် (အကောက်တောင်)(နေ့ချင်းပြန်) Oct 12 30000
Ph : 09 - 43053066 , 09-421156395 , 09-31134601 , 01 - 400547

Virgin Land
✽ ကျိုက်ထီးရိုး (နေ့ချင်းပြန်)
✽ ပြည်-အကောက်တောင် (နေ့ချင်းပြန်)
✽ နေပြည်တော် (နေ့ချင်းပြန်)
✽ ဖိုးကျားဆင်စခန်း (နေ့ချင်းပြန်)
✽ မော်လမြိုင်-စက်စဲ-ဘားအံ (3D/2N)
✽ ချောင်းသာ (3D/2N)
✽ ငွေဆောင် (3D/2N)
✽ ငပလီ (3D/2N)
Ph : 01-8610252, 09 5202643, 09 5123793

အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်လိုသော လူငယ်များအတွက်
City & Guilds
UK Engineering Diploma & Advanced Diploma သင်တန်းများ
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....
Electrical Installation
Refrigeration & Air Conditioning
Mechanical Engineering
Manufacturing Engineering
(Since 2004)
ရုံးချိန်တွင်း / ရုံးချိန်လွတ် 17.10.2014 စမည်။
Electronic Engineering
Electrical Engineering
Construction Engineering (Civil)
Up to 20% OFF
ထူးခြားမှု များ
▶ City & Guilds မှ အသစ်ပြင်ဆင်လိုက်သော 'New Syllabus' ဖြင့် သင်ကြားမည်။
▶ အင်ဂျင်နီယာလုပ်ငန်းခွင်အတွက် များစွာအသုံးဝင်သော 'Health and Safety, Environmental Regulation, Working Standard, Quality Control' အစရှိသော ဘာသာရပ်များ သင်ကြားရမည်။
▶ နိုင်ငံတကာ တက္ကသိုလ်များ ဆက်တက်လျှင် ဘာသာရပ်ဆိုင်ရာ ကင်းလွတ်ခွင့်များရရှိမည်။
▶ GLORYသည် သင်တန်းကျောင်းသက်တမ်း(၁၀)နှစ်အတွင်း သင်တန်းသား (17,000) ကျော် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုရှင် (၄)ဦးက ကို မွေးထုတ်ပေးခဲ့ပါသည်။
GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ အဖွဲ့ဝင်များ မူဆယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မူဆယ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နယူးစတားလိုက်ကုမ္ပဏီက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးငွေစိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် မူဆယ်ဗဟိုစီးပွားရေးဇုန်၏ မြို့ကွက်သစ်ဆိုင်ရာ တည်ဆောက်ရေးအချက်အလက်များ၊ ရည်ရွယ်ချက်၊ ရေရှည်ရည်မှန်းချက်၊ တာဝန်၊ မူဝါဒဆိုင်ရာများ၊ စီမံကိန်းတည်နေရာနှင့် အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏတင်ပြချက်၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းပုံစံငယ်အား ကြည့်ရှုစဉ်။ (သတင်းစဉ်)

## ယနေ့ မာတိကာ


MPT မှ Sim Card များ မြို့နယ်များအနှံ့ ဆက်လက်ဖြန့်ဖြူးရောင်းချမည် စာမျက်နှာ - ၇

ရခိုင်ပြည်နယ်၌ နိုင်ငံသားဖြစ်မှုစိစစ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ··· စာမျက်နှာ - ၁၀

အမေရိကန်အိုးပင်း တင်းနစ်ဖလား ဆရီနာဝီလျံ ခြောက်ကြိမ်မြောက် ဆွတ်ခူး စာမျက်နှာ - ၁၃




ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားချန်ပီယံ မြန်မာအသင်းအား တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်တက္ကသိုလ်ရှေ့တွင် တစ်ခဲနက်ကြိုဆိုနေကြစဉ်။ (သတင်း၊ စာမျက်နှာ-၈) (ဓာတ်ပုံ - စိုးညွန့်)

# ဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသည့် အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ(အုပ်စု-က)တွင် မြန်မာအသင်း၊ ထိုင်းအသင်း၊ အင်ဒိုနီးရှားအသင်း၊(အုပ်စု-ခ)တွင် ဂျပန်အသင်း၊ ဗီယက်နမ်အသင်းနှင့် ဩစတြေးလျအသင်းတို့ အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်လျက်ရှိသည်။

စက်တင်ဘာ ၅ ရက်က ကျင်းပသည့် ပထမနေ့ပွဲစဉ်တွင် ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ဗီယက်နမ်အသင်းက ဩစတြေးလျအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး စက်တင်ဘာ ၇ ရက်က ကျင်းပသည့် ဒုတိယနေ့ပွဲစဉ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဂျပန်အသင်းက ဩစတြေးလျအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသဖြင့် စက်တင်ဘာ ၇ ရက် ပွဲအပြီးတွင် အုပ်စု(က)မှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့က သုံးမှတ်စီ ရရှိထားပြီး အင်ဒိုနီးရှားက တစ်ပွဲရှုံးကာ အမှတ်ရရှိခြင်းမရှိသေးကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**


DECO-LAND
DECO
နိုင်ငံခြားဖြစ်စက္ကူအမျိုးမျိုးဖြန့်ချိရေး
Art Card ❖
Art Paper ❖
Sticker Paper ❖
Woodfree Paper ❖
Newsprint Paper ❖
Carbonless Paper ❖
Duplex Coated Paper ❖
(Gray Back/White Back)
One Stop Shopping @ 01 684284, 687736~39





ကြေးမုံ The Mirror Established in 1957
themirror.npt@gmail.com
www.facebook.com/themirrordaily
R/184 မြင့် ကြေးမုံသတင်းစာတိုက်၊ ... ထုတ်ဝေသည်။

# MYANMAR TEAK WOOD INDUSTRIES Co.,Ltd.

မြန်မာ့ကျွန်းသစ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ အသစ်ထပ်မံတိုးချဲ့မည့် အထပ်သားစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

**1. Assistant Factory Manager** **စက်ရုံမန်နေဂျာ** **M-(1)Post**

ဘွဲ့ရ BE (or) AGTI (EP, Mechanical) လက်မှတ်ရရှိထားသူဖြစ်ရမည်။ အထပ်သားစက်ရုံလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။ ကွန်ပျူတာသုံးနိုင်ရမည်။ လုပ်ငန်းကိုလေ့လာသင်ယူလိုစိတ်ရှိပြီး စက်ရုံတိုးတက်အောင် အစဉ်သဖြင့် စွမ်းဆောင်နိုင်သူဖြစ်ရမည်။ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။ စက်ရုံထုတ်လုပ်မှု အတွေ့အကြုံရှိရမည်။ ဝန်ထမ်းများအားလည်း စီမံအုပ်ချုပ်နိုင်ရမည်။

**2. Assistant Production Manager** **လက်ထောက်ထုတ်လုပ်မှုမန်နေဂျာ** **M-(1)Post**

အသက်(၃၀)နှစ်အထက် ဖြစ်ရမည်။ ဘွဲ့ရ BE (or) AGTI (EP, Mechanical) လက်မှတ်ရရှိထားသူ ဖြစ်ရမည်။ အထပ်သားစက်ရုံလုပ်ငန်းထုတ်လုပ်မှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ ကွန်ပျူတာသုံးနိုင်ရမည်။ ထုတ်လုပ်မှုအပိုင်းတွင် ကောင်းစွာစီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။ လုပ်ငန်းကို လေ့လာသင်ယူလိုစိတ်ရှိပြီး ထုတ်လုပ်မှုတိုးတက်အောင် အစဉ်သဖြင့် စွမ်းဆောင်နိုင်သူဖြစ်ရမည်။

**3. Electrical Engineer** **လျှပ်စစ်အင်ဂျင်နီယာ** **M-(2)Post**

BE (Electrical) သို့မဟုတ် AGTI (EP)၊ အသက်(၂၀-၃၅)နှစ်ကြား၊ Electrical Engineering လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်အထက်ဖြစ်ရမည်။ Electrical ပိုင်းဆိုင်ရာ အတွေ့အကြုံရှိပြီး ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နိုင်ရမည်။ နေ့၊ ည အလုပ်ဆင်းနိုင်သူဖြစ်ရမည်။

**4. Mechanical Engineer (Machine & Tools) ပြင်ဆင်ထိန်းသိမ်းရေးအင်ဂျင်နီယာ** **M-(3)Post**

BE (Mechanical) သို့မဟုတ် AGTI (MT)၊ အသက်(၂၀-၃၅)နှစ်ကြား၊ အထပ်သားစက်ရုံရှိ စက်များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်အထက် ဖြစ်ရမည်။ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နိုင်ရမည်။ နေ့၊ ည အလုပ်ဆင်းနိုင်သူဖြစ်ရမည်။

**5. QC Techanican** **အရည်အသွေးစစ်ဆေးရေးကျွမ်းကျင်ပညာရှင်** **M-(1)Post**

သိပ္ပံဘွဲ့ရဖြစ်ရမည်။ (BE Chemistry, B.Sc Chemistry, B.Sc IC)ဘွဲ့ရဦးစားပေးမည်။ အထပ်သားနှင့်ပတ်သက်သော ဓာတ်ခွဲခန်းအတွေ့အကြုံရှိရမည်။ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ကောင်းစွာအသုံးပြုနိုင်ရမည်။ Quality Control လုပ်ငန်းကို အမှန်တကယ်စိတ်ဝင်စားသူ၊ ကြိုးစားသင်ယူချင်စိတ်ရှိသူဖြစ်ရမည်။ QC Checking & Lab လုပ်ငန်းနှင့်ပတ်သက်သည့်သင်တန်းများကို နားလည်တတ်မြောက်အောင် သင်ကြားပေးမည်။ လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှုအပေါ်မူတည်၍ ပညာအရည်အချင်းလျှော့ပေါ့စဉ်းစားပေးမည်။

**6. In-charge** **တာဝန်ခံ**

| | | |
|---|---|---|
| (1) Boiler | ဘွိုင်လာတာဝန်ခံ | M-(1)post |

အစိုးရအသိအမှတ်ပြုဘွိုင်လာ Certificate ရှိရမည်။ Thermal Oil Boiler ကို ကျွမ်းကျင်စွာ ထိန်းသိမ်းလုပ်ဆောင်နိုင်သူဖြစ်ရမည်။

**7. Supervisor** **ကြီးကြပ်ရေးမှူး**

| | | |
|---|---|---|
| (1) 9'Rotary | (၉)ပေ သစ်လုံးလွှာစက် | M-(1)Post |
| (2) Dryer | သစ်ပါးလွှာအခြောက်ခံစက် | M-(1)Post |
| (3) Composer | သစ်ပါးလွှာတွဲစပ်စက် | M-(1)Post |
| (4) Long & Short Core Repairing | အလယ်ခံသစ်ပါးလွှာပြုပြင်ခြင်း | F-(1)Post |
| (5) face/Back Selection and Setting | မျက်နှာပြင်၊ နောက်ခံ Selection & Setting လုပ်ခြင်း | F-(1) Post |
| (6) Boiler | ဘွိုင်လာ | M-(2)Post |
